# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 23 July 2024 ၁၁၅၂၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်

နေပြည်တော် ဇူလိုင် ၂၂

ယာယီသမ္မတဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံနေရ ကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ထိုသို့သော ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များကို လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ ယာယီသမ္မတဦးမြင့်ဆွေ ဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန်ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတတာဝန်လစ်ဟင်းနေစဉ်ကာလ တို့တွင် ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲအပ် ဆောင်ရွက်စေမည်ဖြစ်ကြောင်း ယာယီသမ္မတရုံးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အကြောင်း ကြားစာ ပေးပို့လာခဲ့သည်။

ထိုသို့အကြောင်းကြားစာပေးပို့ပြီးနောက် ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီခွဲတွင် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲပြောင်းအပ်နှံခြင်းအား လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

## မိမိအတွက်၊ မိသားစုအတွက်၊ လူ့အဖွဲ့အစည်းအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူသားများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် ကြိုးစားအားထုတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၂၂

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင် များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဂုဏ်ထူး ရှင်တို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက် ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများက ကြည့်ရှုအားပေးကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ကြေးမုံ

# အကြမ်းဖက်သမားများကို ဆန့်ကျင်တိုက်ဖျက်

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများပြုလုပ်ပြီး နိုင်ငံတော်အာဏာကို အဓမ္မရယူလိုသည့် အခြေအနေဖြစ်ပေါ်လာသောကြောင့် ဒီမိုကရေစီစနစ် မယိမ်းမယိုင်မပျက်စီးစေရန်အတွက် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ယင်းကိုအကြောင်းပြု၍ နိုင်ငံတော်မတည်မငြိမ်ဖြစ်အောင် နှောင့်ယှက်ဖျက်ဆီးမှုများ ဖြစ်ပေါ်လာသည်။

နိုင်ငံရေးအစွန်းရောက် ပြည်ပြေးများဖြင့် ဖွဲ့စည်းထားသည့် CRPH/NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက EAOs အဖွဲ့အချို့၏ အကူအညီအထောက်အပံ့များဖြင့် အကြမ်းဖက်လုပ်ငန်းများကို လုပ်ကိုင်လာကြသည်။ အဆိုပါ အကြမ်းဖက်အဖျက်သမားများလက်ချက်ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ အပြစ်မဲ့ပြည်သူ ၇၈၀၀ ကျော် သတ်ဖြတ်ခံခဲ့ရသည်။ တစ်ဆက်တည်းတွင် ပွဲလန့်တုန်းဖျာခင်းလိုသည့် EAOs ပူးပေါင်းအဖွဲ့အချို့သည် မြို့ရွာအချို့ကို ဝင်ရောက်တိုက်ခိုက်ကာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်အဖွဲ့များနှင့် သောင်းကျန်းသူများသည် တောကြိုအုံကြား အစွန်အဖျားများတွင် ခိုအောင်းလှုပ်ရှားနေရာမှ ပြည်ပမှအားပေးကူညီမှု၊ ပြည်တွင်း၌ လက်နက်အားကိုးဖြင့် ဥပဒေပြင်ပမှ ငွေကြေးလက်နက်ပစ္စည်း လူသူစုဆောင်းမှု၊ နယ်မြေချဲ့ထွင်မှုတို့ပြုလုပ်ပြီး အင်အားကြီးထွားလာသည်။ တစ်ဖက်တွင် နိုင်ငံရေးပယောဂအမျိုးမျိုးဖြင့် ပြည်သူလူထုအတွင်း စိတ်ဝမ်းကွဲပြားအောင်ပြုလုပ်မှုများကြောင့် အကြမ်းဖက်လုပ်ရပ် သက်ဆိုးရှည်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ထိုကာလအတွင်း အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်များ အမြောက်အမြား ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

တိုင်းပြည်၏အင်အားသည် ပြည်သူလူထုသာဖြစ်ပြီး တိုင်းပြည်၏ အကျိုးစီးပွားသည် ပြည်သူလူထုပင်ဖြစ်သည်။ တိုင်းပြည် မတည်ငြိမ် မအေးချမ်းသရွေ့၊ တိုင်းပြည်တွင် အဖျက်အမှောင့်လုပ်ရပ်များရှိနေသရွေ့ နိုင်ငံတော်နှင့် ပြည်သူလူထုသာ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေမည်ဖြစ်သည်။ ပြည်သူတို့၏ အဓိကလိုအင်သည် အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ ပြည်သူတို့၏ ဆန္ဒသည် စစ်မှန်သည့်ဒီမိုကရေစီစနစ် အကောင်အထည်ပေါ်လာရေးဖြစ်သည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များ သက်ဆိုးရှည်နေသရွေ့ နိုင်ငံတော်နှင့် ပြည်သူတို့၏ မျှော်လင့်ချက်များ ဝေးကွာနေမည်ဖြစ်သည်။

အထူးသဖြင့် ပြည်သူသည်သာအဓိကဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တည်ငြိမ်အေးချမ်းသာယာဝပြောအောင် ပူးပေါင်းလက်တွဲဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူး၊ အကြမ်းဖက်အဖျက်လုပ်ရပ်များ၏ ဆိုးပြစ်တို့ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းသိရှိလာပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူလူထုတို့ လက်တွဲညီညီ ပူးပေါင်းတိုက်ဖျက်ကြရမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး လက်တွဲပါဝင်မှုအားနည်းလျှင် တည်ငြိမ်အေးချမ်းမှု ကြန့်ကြာနေမည်ကိုလည်း သိရှိထားရမည်ဖြစ်သည်။

မကြာသေးမီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ပြည်တွင်း ပစ်ခတ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဖက်ဒရယ်လား/အကြမ်းဖက်လား ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ရာ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အမျိုးသားရေးအဖွဲ့များ၊ စိတ်ပါဝင်စားကြသည့်ပြည်သူများနှင့် ပြည်တွင်း/ ပြည်ပမီဒီယာများ တက်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တိုင်းရင်းသားများ၊ ပြည်သူများနှင့် နိုင်ငံတော်လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများ ထိခိုက်ဆုံးရှုံးကြရသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ဆုံးရှုံးမှုများဖြစ်ရသည်။

နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့များက ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေကြသူများအား အားပေးကူညီကြရမည်ဖြစ်သည်။ စိတ်ဓာတ်ခွန်အားများ ပေးကြရမည်ဖြစ်သည်။ ပြည်သူများအပိုင်းတွင် အကြမ်းဖက်အဖွဲ့များကို အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ မသိလိုက်မသိဘာသာနေခြင်းတို့ မပြုလုပ်မိရန်လိုသည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်က တိုင်းပြည်ကို တည်ဆောက်နေခြင်းနှင့် အကြမ်းဖက်သောင်းကျန်းသူများက တိုင်းပြည်ပြိုကွဲပျက်စီးအောင် ပြုလုပ်နေခြင်းတို့ကို ခွဲခြားသိမြင်ကြရန် လိုအပ်သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို လိုလားခြင်းမရှိဘဲ လက်နက်အားကိုးဖြင့် အာဏာရှင်စနစ်ထူထောင်နေသူများသာဖြစ်သည်။ တိုင်းရင်းသားပြည်သူတို့ကို အနိုင်ကျင့်သတ်ဖြတ်၊ မြို့ရွာများကို ဖျက်ဆီးပြီး ပိုင်နက်နယ်မြေစိုးမိုးရေးကို ဦးတည်လုပ်ဆောင်နေသူများဖြစ်သည်။ ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးအောင် ပြုလုပ်နေသူများသာဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားကို ပျက်စီးဆုံးရှုံးအောင်ပြုလုပ်နေသော အကြမ်းဖက်သမားများကို တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်း ဆန့်ကျင်တိုက်ဖျက်ကြရန် လိုအပ်ပါကြောင်း။ ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ပေးပါရန် **ပြည်သူ့အင်အားပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၁၄/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၉၈၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၂-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၄-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၄,၉၈၅) ခု အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ဥပဒေမရှိ လက်နက်အားကိုးနဲ့ အာဏာပြဖိနှိပ်ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြန်လည်တည်ဆောက်ရေးနဲ့တည်ငြိမ်လာပြီဖြစ်တဲ့ လှိုင်ကော်မြို့ကိုကြည့်ပြီး တပ်မတော်နဲ့ အကြမ်းဖက် ဘယ်သူက တိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၂၃၀ | ၂,၀၅၀,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၅၀ | ၆,၆၂၁ | ၂၂,၈၅၇,၉၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁,၃၃၂ | ၂,၁၉၈,၄၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၄၈၅ | ၈၂၄,၄၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |
| MAEX | ၃,၇၅၀ | ၃,၇၅၀ | ၂၉၄ | ၁,၁၀၂,၅၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရွှေဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **“ပညာ”** ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် **“အသိဉာဏ်”** ရရှိစေကြောင်း၊ နိုင်ငံသားတိုင်း **“အသိဉာဏ်ပညာ”** ပြည့်စုံမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် **“စစ်မှန်သည့်အင်အား”**တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

**ဘက်စုံပညာကဏ္ဍကို မြှင့်တင်နိုင်ရန် အဓိကထားဆောင်ရွက်ရမည်**

စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာကဏ္ဍကို မြှင့်တင်နိုင်ရန် အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ထဲတွင် လူမှုရေးဦးတည်ချက်တစ်ရပ်အဖြစ် **“ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”**ကို ထည့်သွင်းချမှတ်ပြီး နိုင်ငံသားတိုင်း ပညာသင်ယူမှု အခွင့်အလမ်းများ သာတူညီမျှရရှိစေရန် ပညာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

**“ပညာရေးဖြင့် နိုင်ငံတော်တိုးတက်ရေး”**ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဦးလည်မသုန် ထမ်းဆောင်ကြသည့်အတွက် တာဝန်ရှိသူများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသူများအားလုံးကို အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပြည်ထောင်စုကြီး တစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရကဦးဆောင်ရမည် မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ **“စုပေါင်းအား”** ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်သည့် ကျောင်းသားလူငယ်များ၏ အင်အားကို ပိုမိုအားထားရမည် ဖြစ်ကြောင်း။

ယခင်နှစ်များက ယခုကဲ့သို့ ထူးချွန်ကျောင်းသား ကျောင်းသူများကိုသက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဦးစီးဌာနအဆင့်ထိသာ ဆုချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် တစ်နိုင်ငံလုံး ဘာသာစုံဂုဏ်ထူးရရှိသူအားလုံးကို **“နိုင်ငံတော်အဆင့်”** **“ပထမအကြိမ်”** ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင် ၅၀၇ ဦးကို ရွှေစင်ငါးမူးသား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးမည် ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိခဲ့သည့် ကျောင်းသားများကို ဒေသန္တရဗဟုသုတများရရှိရန်၊ မိမိနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုး တန်ဖိုးထားတတ်စေရန် ပြည်တွင်းလေ့လာရေးခရီးစဉ်သာမက နိုင်ငံတကာအတွေ့အကြုံများရရှိစေရန် ပြည်ပလေ့လာရေးခရီးစဉ်များကိုပါ စေလွှတ်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မျိုးဆက်သစ်လူငယ်များကို စိတ်ခွန်အားများရရှိပြီး ပညာကို အစဉ်တစိုက်ကြိုးစားလိုစိတ်များ ပိုမိုပေါ်ထွက်လာအောင် ဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်ကြောင်း။

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

- **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရကဦးဆောင်ရမည် မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်**
- **မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်သည့် ကျောင်းသားလူငယ်များ၏ အင်အားကို ပိုမိုအားထားရမည်**
- **မျိုးဆက်သစ်လူငယ်များကို စိတ်ခွန်အားများရရှိပြီး ပညာကို အစဉ်တစိုက်ကြိုးစားလိုစိတ်များ ပိုမိုပေါ်ထွက်လာအောင် ဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၃ မှ

ယခုနှစ်တွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူ ၃၀ ကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း။

ယနေ့ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများသည် အခြေခံပညာကို ပြီးဆုံးပြီဖြစ်သဖြင့် အဆင့်မြင့်ပညာကို သင်ယူရတော့မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သင်ယူသည့်အခါတွင် မိမိတို့ စိတ်ဝင်စားသည့် ပညာရပ်များ၊ ဝါသနာပါသည့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များကို မှန်မှန်ကန်ကန် ရွေးချယ်တက်ရောက်ကြစေလိုကြောင်း၊ စာသင်ခန်းကရသည့်ပညာသည် သညာသိဖြစ်ပြီး သညာသိလောက်ဖြင့် ဘဝတွင်မလုံလောက်နိုင်သည့်အတွက် တော်နေရုံမျှနှင့် မပြီးစေဘဲ သညာသိကနေ ပညာသိဖြစ်လာအောင် မိမိအတွက်၊ မိသားစုအတွက်၊ လူ့အဖွဲ့အစည်းအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူသားများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**“ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်”**ဆိုသည့်အတိုင်း နိုင်ငံ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံနယ်ပယ်နှစ်ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်နှစ်ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံသည် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို တန်ဖိုးထားထိန်းသိမ်းသည့် နိုင်ငံဖြစ်ကြောင်း၊ အမျိုးဘာသာ၊ သာသနာ၊ ပညာစောင့်ရှောက်ရေးသည် နိုင်ငံ့အရေးဖြစ်သည့်အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း။

ဆုရကျောင်းသား ကျောင်းသူများအပါအဝင် လူငယ်အားလုံးအနေဖြင့် **“အတ္တနှင့်ပရ”** မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ်ကြောင်း၊ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန် လိုအပ်ကြောင်း။

ကျောင်းသားလူငယ်များသည် အသိပညာနှင့် အတတ်ပညာကို ဟန်ချက်ညီညီထိန်းညှိပြီး မိမိတို့၏ ရည်မှန်းထားသည့် ပန်းတိုင်ကို အရောက်သွားရန် လိုကြောင်း၊

စာမျက်နှာ ၅ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တစ်နိုင်ငံလုံး အမှတ်အများဆုံး ကျောင်းသား ကျောင်းသူ ၃၁ ဦးနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

»»» **စာမျက်နှာ ၄ မှ**

**"အလိမ္မာစာမှာရှိ"**ဆိုသည့် ဆိုရိုးစကားအတိုင်း စာအုပ်စာပေများ ဖတ်ရန်လိုကြောင်း၊ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အကြောင်းအရာများကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပြီး အသိအမြင်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများ မှန်ကန်ကြရန်၊ အမှားအယွင်း မလုပ်မိကြရန် လိုကြောင်း။

မျက်မှောက်ကာလသည် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနိုင်နေပြီဆိုသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို မျက်ခြည်မပြတ် လေ့လာကြရမည် ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်မည် ဖြစ်ကြောင်း။

**နိုင်ငံကိုအကျိုးပြုနိုင်မည်**

လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်း လိုကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည် ဖြစ်ကြောင်း။

ဆုရကျောင်းသား ကျောင်းသူများကို မှာကြားလိုသည်မှာ ယခုကဲ့သို့ အောင်မြင်မှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းကြရန်၊ အသိပညာ၊ အတတ်ပညာနှင့် ဘဝကို တည်ဆောက်ကြရန်၊ အမှားအမှန်၊ အဆိုးအကောင်းကို ခွဲခြားသိမြင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်မြင့်မားပြီး စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန်၊ အသက်ရှင်နေသမျှ ကာလပတ်လုံးကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး ရင့်ကျက်ပြည့်ဝသူများဖြစ်အောင်ကြိုးစားကြရန်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားစဉ်။



ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံး အမှတ်အများဆုံး ကျောင်းသား ကျောင်းသူ ၁၁ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက "လူချွန်လူကောင်း" တေးသရုပ်ဖော် တင်ဆက်မှုဖြင့် လည်းကောင်း၊ "မြန်မာ့ကျောင်း"တေးသီချင်းကို သီဆို၍ လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တစ်နိုင်ငံလုံး အမှတ်အများဆုံး ကျောင်းသား ကျောင်းသူ ၃၁ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်တော် ဆက်လက်လေ့လာဖို့ဆုံးဖြတ်လိုက်တဲ့ ဘယ်ပညာရပ်မဆို နိုင်ငံနဲ့လူမျိုးအတွက် အကျိုးရှိအောင် သေချာကြိုးစား လေ့လာသွားမှာဖြစ်ပါတယ်

**မောင်ဖြိုးသိန်း**

တွေ့ဆုံမေးမြန်း
အောင်ရဲသွင်၊ အေးအေးသန့်
ဓာတ်ပုံ
အေအေတီ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပပေးခဲ့ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများအား ထိုက်တန်စွာ ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ကြောင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတစ်ဝန်းလုံးမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိအောင် စာပေကြိုးစားလေ့လာဆည်းပူးခဲ့မှုနှင့် မိမိတို့ ကြိုးစားခဲ့မှုရလဒ်အပေါ် နိုင်ငံတော်က အသိအမှတ်ပြု၍ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှောက်ပေးမှုအပေါ် ခံစားရသည့် ဝမ်းသာပီတိစကားသံများကို ရေးသားမျှဝေတင်ပြပေးလိုက်ရပါသည်။


မောင်ဖြိုးသိန်း


မရွှန်းလက်နဒီအောင်


မနှင်းသန့်နဒီ


မလဝန်းအိမ်


ဒေါ်သင်းနုနုစိန်

**မောင်ဖြိုးသိန်း (ဘာသာစုံဂုဏ်ထူးရှင်၊ မြန်မာတစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ ဒုတိယအမှတ်အများဆုံးဆုရရှိသူ)**

ကျွန်တော်ကတော့ ဒီနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(စစ်တွေ) စာစစ်ဌာနကနေ အမှတ်ပေါင်း ၅၅၅ မှတ် ရရှိပြီး အောင်မြင်ခဲ့ပါတယ်။ ဒီလိုထူးချွန်စွာ အောင်မြင်ဖို့ ကျွန်တော်ကိုယ်တိုင် စာကိုဂရုစိုက်လေ့လာသလို ဆရာ ဆရာမတွေရဲ့ ဆုံးမစကားတွေကိုလည်း သေချာလိုက်နာ ဆောင်ရွက်ပါတယ်။ စာသင်နှစ် အစကတည်းက အမှတ်ကောင်းကောင်းနဲ့အောင်ဖို့ ရည်ရွယ် ကြိုးစားခဲ့ပါတယ်။ ကျွန်တော် အခုအချိန်မှာတော့ ဘယ်လိုအဆင့်မြင့် ပညာရပ်တွေကို ဆက်လက်ဆည်းပူးရမလဲဆိုတာ မဆုံးဖြတ်ရသေးပါဘူး။ ကျွန်တော်ဆက်လက်လေ့လာဖို့ဆုံးဖြတ်လိုက်တဲ့ ဘယ်ပညာရပ်မဆို ကျွန်တော့်တိုင်းပြည်နဲ့ လူမျိုးအတွက် အကျိုးရှိအောင် သေချာကြိုးစား လေ့လာသွားမယ်လို့ ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့ရဲ့အခုလို ကြိုးစားအားထုတ်မှုအပေါ် ထိုက်ထိုက်တန်တန် အသိအမှတ်ပြုပေးတဲ့အတွက် အလွန်ကို ဝမ်းသာပီတိဖြစ်မိပါတယ်။ ခမ်းခမ်းနားနားလည်း ကျင်းပပေးတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့လို ထူးချွန်တဲ့သူဖြစ်ချင်ရင် စာကိုသေချာလေးကြိုးစားလေ့လာကြပါလို့ ညီငယ် ညီမငယ်တွေကို တိုက်တွန်းလိုပါတယ်။

**မရွှန်းလက်နဒီအောင် (ဘာသာစုံဂုဏ်ထူးရှင်)**

ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မကွေးမြို့ကဖြစ်ပါတယ်။ ဒီဝေလျှံကိုယ်ပိုင် အထက်တန်းကျောင်း ကနေ တက္ကသိုလ်ဝင် စာမေးပွဲကို အောင်မြင်ခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဒီလိုထူးချွန်စွာ အောင်မြင်ဖို့ အတော်လေးကြိုးစားလိုက်ရပါတယ်။ ပေးဆပ်မှုရှိမှလည်း အောင်မြင်မှုရှိမှာ ဖြစ်တဲ့အတွက် စာမေးပွဲဖြေစဉ်ကာလမှာလည်း တစ်နေ့ကိုနာရီဝက် တစ်နာရီ လောက်ပဲအိပ်ပြီး စာကိုကြိုးစား ကျက်မှတ်ခဲ့ပါတယ်။ အခုလို ကျွန်မတို့ကြိုးစားမှု အပေါ် နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက် အလွန်ကိုဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီနေ့ကတော့ ကျွန်မအတွက် မှတ်တိုင်တစ်ခုပဲဖြစ်ပါတယ်။ နိုင်ငံတော်ကတာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ရောဂါဝေဒနာ ခံစားနေရသူတွေကို ဆေးကုသပေးပြီး ကုသိုလ်ယူချင်တဲ့ စိတ်ရှိတဲ့အတွက် ဆေးကျောင်းတက်ဖို့ ရည်ရွယ်ထားပါတယ်။ အမှတ်မီမယ်ဆိုရင်တော့ ဆေးကျောင်းတက်ချင်ပါတယ်။ စာပေဆိုတာက ငယ်ငယ်ကတည်းက ကြိုးစားခဲ့မှ အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားကျောင်းသူတွေအနေနဲ့ စာကိုသေချာကြိုးစားလေ့လာပြီး အောင်မြင်မှုတွေရယူကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မနှင်းသန့်နဒီ (ဘာသာစုံဂုဏ်ထူးရှင်)**

ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်မှာ နေထိုင်ပြီး ထိပ်ဖျားရောက် ကိုယ်ပိုင် အထက်တန်းကျောင်းကနေ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ပါတယ်။ ကျွန်မအနေနဲ့ ကိုယ်သင်ယူချင်တဲ့ အဆင့်မြင့်ပညာရပ်တွေ သင်ကြားခွင့်ရအောင် စာသင်နှစ်အစကတည်းက စာကိုကြိုးစားလေ့လာပါတယ်။ တစ်နှစ်ပတ်လုံး စာကို စိတ်နှစ်ပြီး ကျက်ခဲ့တဲ့အတွက် ကျန်းမာရေးထိခိုက်ပြီး ဆေးရုံတောင် တက်ခဲ့ရပါသေးတယ်။ ဒီလို ကြိုးစားမှုဟာ အောင်မြင်မှုတစ်ခု အဖြစ်ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလို အောင်မြင်မှုကို နိုင်ငံတော်က အသိအမှတ် ပြုပေးတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီနေ့ ဂုဏ်ပြုပွဲ အခမ်းအနားကြီးက အလွန်ကို ခမ်းနားထည်ဝါလှပါတယ်။ ကျွန်မဘဝမှာ အခုလို ခမ်းနားတဲ့အခမ်းအနားမျိုး ပထမဆုံး တက်ရောက်ဖူးတာဖြစ်ပါတယ်။ မိမိကိုယ်ကိုလည်း ဂုဏ်ယူမိပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံကိုချစ်တဲ့အတွက် နိုင်ငံခြားကို သွားရောက် အလုပ်လုပ်ကိုင်ဖို့မရှိပါဘူး။ အမှတ်မီခဲ့မယ်ဆိုရင် ဆေးကျောင်းတက်ပြီး ကောင်းမွန်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်။ နောင်တက္ကသိုလ်ဝင်စာမေးပွဲဖြေကြမယ့် ကျောင်းသား ကျောင်းသူတွေ အနေနဲ့လည်း စာကိုနှစ်စကတည်း ကသေချာ ကြိုးစားလေ့လာစေလို ပါတယ်။ အောင်မြင်မှုလိုချင်ရင် ဝီရိယ စိုက်ထုတ်ဖို့လည်း လိုအပ်ပါတယ်။

**မလဝန်းအိမ် (ဘာသာစုံဂုဏ်ထူးရှင်)**

ကျွန်မအနေနဲ့ ခြောက်ဘာသာ ဂုဏ်ထူးထွက်ရှိဖို့အတွက် နှစ်စကတည်းက သင်ခန်းစာတွေကို သေချာ လေ့ကျင့်မှတ်သား ပါတယ်။ စာမေးပွဲဖြေဆိုခါနီးရင် အားလုံးက ပင်ပန်းကြပါတယ်။ စိတ်ကို သေချာစုစည်းပြီး ဘာသာရပ်တိုင်းကို အသေးစိတ်မှတ်သား လေ့ကျင့်ပါတယ်။ သင်ခန်းစာတိုင်းကိုလည်း အထပ်ထပ်အခါခါ ပြန်လည်လေ့ကျင့်ကြိုးစားခဲ့ပါတယ်။ ရည်မှန်းချက်ကတော့ ဆေးပညာကိုလေ့လာသွားမယ်လို့ စဉ်းစားထားပါတယ်။ ကျွန်မတို့ရဲ့ ထူးချွန်မှုကို အခုလိုခမ်းခမ်းနားနားနဲ့ နိုင်ငံတော်အဆင့် ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အတိုင်းမသိ ဝမ်းသာ ဂုဏ်ယူပါတယ်။ မောင်လေး၊ ညီမလေးတွေကိုလည်း ပင်ပန်းပေမယ့် ကြိုးစားကြည့်ပါလို့ ပြောချင်ပါတယ်။ ကြိုးစားမှုကြောင့် ရရှိလာတဲ့ အောင်မြင်မှုရလဒ်ကို ခံစားကြည့်ပါလို့ ပြောချင်ပါတယ်။

**ဒေါ်သင်းနုနုစိန် (ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)**

ဒီနေ့အခမ်းအနားက တစ်နိုင်ငံလုံးမှာ ဘာသာစုံဂုဏ်ထူးရရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို နိုင်ငံတော်အဆင့် ဂုဏ်ပြုဆုချီးမြှင့်ပေးတာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကို ဒီလို ဂုဏ်ပြုဆုချီးမြှင့်တဲ့အခမ်းအနားကို ကျင်းပပေးတဲ့အတွက် ပညာကိုဆက်လက် သင်ယူလိုစိတ်၊ ကြိုးစားအားထုတ်လိုစိတ်ပိုမိုဖြစ်ထွန်းလာစေပြီး နိုင်ငံ့သားကောင်းတွေ ဖြစ်ပေါ်လာဖို့အတွက် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ပါတယ်။ ဒီလို အခမ်းအနားနဲ့ ဘာသာစုံဂုဏ်ထူးရှင်တွေကို ဆုချီးမြှင့်တဲ့အတွက် တခြားကျောင်းသား ကျောင်းသူတွေကလည်း လေးစားအားကျပြီး ပိုကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာစေဖို့အတွက် ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ဘာသာစုံဂုဏ်ထူးရှင်တွေက ၅၀၇ ဦးရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်သူတွေရှိတဲ့အတွက် ၄၇၇ ဦးတက်ရောက်မှာ ဖြစ်ပါတယ်။ ဒီလို နိုင်ငံတော်အဆင့် အခမ်းအနားနဲ့ ဆုချီးမြှင့်လိုက်တဲ့အတွက် ကျောင်းသားကျောင်းသူတွေအားလုံး အထောက်အပံ့တွေအများကြီး ရရှိစေပါတယ်။ ကျောင်းသား ကျောင်းသူအားလုံးက မူလတန်းကတည်းက အထက်တန်းအထိ တစိုက်မတ်မတ်နဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ ရည်ရွယ်ချက်ရှိရှိ ကြိုးစားအားထုတ်လာတဲ့ ကလေးတွေ ဖြစ်ပါတယ်။ ဒီလို အခမ်းအနားကြီးတစ်ခုနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် စိတ်ခွန်အားတွေဖြစ်ပြီး ပိုပြီး ကြိုးစားချစ်စိတ်တွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်မှာ ဒီလိုထူးချွန်ထက်မြက်တဲ့ လူငယ်တွေ ပေါ်ထွန်းလာပြီဆိုရင် နိုင်ငံဖွံ့ဖြိုး တိုးတက်တဲ့ လုပ်ငန်းတွေမှာ ပိုပြီးအထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ ။

## ထားဝယ်မြို့တွင် စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ)သင်တန်းဖွင့်



ထားဝယ် ဇူလိုင် ၂၂

စက်လှေကိုင်တွယ်မောင်းနှင် ထိန်းသိမ်းမှု(မွမ်းမံ)သင်တန်း အမှတ်စဉ် (၄/၂၀၂၄ )ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်လင်းထွန်းက မီးသတ်ဦးစီးဌာနရှိ ခရိုင်/မြို့နယ်များတွင် လက်ရှိ အသုံးပြုလျက်ရှိသော ရှာဖွေကယ်ဆယ်ရေးရေယာဉ်အမျိုးမျိုးအတွက် စက်လှေမောင်းတာဝန် ထပ်မံတာဝန်ချထားနိုင်ရန်နှင့် စက်လှေများကိုင်တွယ်မောင်းနှင်ရာတွင် ရေယာဉ်မောင်းသူ တစ်ဦးအနေဖြင့် ရေယာဉ်ပဲ့ထိန်းမှု စနစ်သဘောတရားများကို နားလည်သိရှိပြီး ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေပြင်မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင်စက်လှေများကို ကျွမ်းကျင်စွာမောင်းနှင်တတ်စေရန်အတွက် သင်တန်းအားဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ထားဝယ်ခရိုင်အတွင်းရှိသန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ အားတာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့၏ဥပဒေ/ နည်းဥပဒေများအကြောင်း၊ မီးသတ်ပစ္စည်းကိရိယာများ ကိုင်တွယ်ထိန်းသိမ်းနည်း၊ ရေယာဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် ရေယာဉ်ပါပစ္စည်းကိရိယာများအကြောင်းကို သင်ကြားမည်ဖြစ်ပြီးထားဝယ်မြစ်အတွင်း၌ တစ်ဦးချင်း ရေယာဉ် လက်တွေ့မောင်းနှင်ခြင်းများကို ဩဂုတ် ၂ ရက်အထိ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

## အဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံ ပါဠိတော်အဖွင့် အဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ် တစ်မျိုးလျှင် အုပ်ရေ ၁,၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ် ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂ ၄၀၆၁၁၁၂၊ ၀၉ ၄၂၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူမိဘများ လာရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့ မွန်းလွဲပိုင်းတွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူမိဘများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။



အဆိုပါအဖွဲ့ကို တာဝန်ရှိသူများနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထား ကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူမိဘများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်နှင့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## သန်လျင်၌ GEC (ပညာရေး)နှင့် ငွေစုငွေချေး သမဝါယမအသင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) GEC ပညာရေးအသင်းလီမိတက်နှင့် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်တို့၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီတွင် အဆိုပါတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ပါမောက္ခချုပ်ဒေါက်တာရီရီဝင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးလှိုင်မင်းဦးတို့က အမှာစကားများပြောကြားပြီး အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား တာဝန်ရှိသူများက ဖတ်ကြားကြသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများအား အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ပြီး အသင်းသူအသင်းသားများ၏ စုဆောင်းငွေအပေါ်အတိုးများ၊ အသင်းသားဝေစုအစုအပေါ်အမြတ်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းတင်**

## မှော်ဘီမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှု ကြည့်ရှုအားပေး

မှော်ဘီ ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင်နှင့် မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် စပါးစိုက်တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးရန် တောင်သူ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီက မှော်ဘီမြို့နယ် အထယုကျေးရွာအုပ်စု ကွင်းအမှတ် (၅၀၇)ဘီ၊ အထယုမြောက်ကွင်း၊ ဦးပိုင်အမှတ် ၁၃/၂၊ တောင်သူ ဦးမောင်မောင်ဦး၏ ဆင်းသုခစိုက်ကွင်း လေးကေ၌ ကျင်းပသည်။



အဆိုပါ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့(ခေတ္တ)ဥက္ကဋ္ဌအဖွဲ့ဝင်(၁)ဗိုလ်မှူးပြည့်စုံကျော်၊ အဖွဲ့ဝင်(၂) ဦးဝင်းစိုး၊ မှော်ဘီမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်နှင့် ဝန်ထမ်းများ၊ အထယုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**

## ပင်လုံစိုက်ပျိုးရေးဦးစီးဌာနပိုင် စိုက်ကွင်းများ ကွင်းဆင်းစစ်ဆေး



လွိုင်လင် ဇူလိုင် ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး စိုက်ခင်းများတွင် စိုက်ပျိုးထားရှိသည့် သီးနှံခင်းများအခြေအနေကို ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်းနှင့်အဖွဲ့က ယမန်နေ့ နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စိုက်ခင်းအတွင်း ဗီယက်နမ်မြေပဲ မျိုးစေ့ထုတ်စိုက်ခင်း၊ ပဲပုပ် ရေဆင်း ၁၅ မျိုးစေ့ထုတ်စိုက်ခင်းနှင့် ပဲပုပ်နေကြာသီးညှပ်စိုက်ခင်းများ စိုက်ပျိုးထားရှိကြောင်းနှင့် စိုက်ပျိုးထားရှိမှုအခြေအနေကို ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်မှူးနှင့် တာဝန်ရှိသူတို့က ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သိန်းသန်း(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(မြောက်)ရပ်ကွက် ဂိုးဒင်းစတားရောင်းဝယ်ရေး သမဝါမယအသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်သမဝါယမအသင်းစုရုံး၌ ဇူလိုင် ၂၁ ရက်က ကျင်းပရာအသင်းဥက္ကဋ္ဌ ဦးဝင်းတင်နှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ရီရီအောင်တို့က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အဆိုပြုခြင်း၊ ထောက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ **သျှင်ဝင်းသျှင်**



# ဆရာ ဆရာမများအနေဖြင့် အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများကို အမှန်တကယ်တတ်အောင်သင်၍ တော်အောင်လေ့ကျင့်ပေးကြရမည်

**နေပြည်တော် ဇူလိုင် ၂၂**

ပညာရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အခက်အခဲများရှိသည့်တိုင် ကျောင်းများအားလုံး ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ အပြည့်အဝရရှိစေရေးအတွက် ကျရာတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့ကြသော ဆရာ ဆရာမများအားလုံးကို ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများကို အမှန်တကယ်တတ်အောင်သင်၍ တော်အောင်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးတိုးတက်ရေးအတွက် ဘာသာရပ်မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် အမှန်တကယ် အရည်အသွေးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပါမောက္ခချုပ်များ၊ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများအနေဖြင့် မိမိတို့တာဝန်ယူရသည့် နေရာဒေသများ၊ စာသင်ခန်းများကို မြေပြင်ကွင်းဆင်းလေ့လာ၍ ပညာရေးအရည်အသွေးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင်ရှိသည့် သုတေသန စက်ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများစာရင်းနှင့် ထပ်မံလိုအပ်သည့် ပစ္စည်းစာရင်းများ စနစ်တကျ တင်ပြရန်လိုကြောင်း၊ သုတေသနပစ္စည်းများကို အကျိုးရှိထိရောက်အောင် စနစ်တကျ သုံးစွဲဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များကို ဘာသာရပ်ဆိုင်ရာ ပညာတတ်ရုံသာမက အနာဂတ် သားကောင်းရတနာများ ဖြစ်လာစေရေးအတွက် ဂါရဝတရားရှိရန်၊ မိမိနိုင်ငံ၏ယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ အကျင့်စာရိတ္တကောင်းမွန်ရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေးကဏ္ဍဆိုင်ရာ လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် ပညာရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တာချီလိတ်မြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**တာချီလိတ် ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ရပ်ကွက်/ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများအား အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးက စာကြည့်တိုက်ပညာ သင်တန်းဖွင့်လှစ်ခြင်းနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာ စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ် ၈၂၀ ကို ပေးအပ်လှူဒါန်းသည်။ အဆိုပါသင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**



## ထန်းတပင်မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက်က အထက(ကျူတော)နှင့် အထက(ခွဲ)အုတ်ဖိုတို့တွင် ကျင်းပသည်။

**အသိပညာပေးဟောပြော**

အသိပညာပေးဟောပြောပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ခရိုင်လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်တို့က လူငယ်ရေးရာဆိုင်ရာများကိုလည်းကောင်း၊ မှော်ဘီခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်တာဝန်ခံဒေါ်လဲ့လဲ့လွင်က အားကစားဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဦးခိုင်တို့က အားကစားပစ္စည်းများအား အထက(ကျူတော)နှင့် အထက(ခွဲ)အုတ်ဖိုတို့မှ တာဝန်ရှိသူများနှင့် Physical Fitness dance ကိုယ်ကာယလေ့ကျင့်ခန်းကို လက်တွေ့သရုပ်ပြခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## သထုံခရိုင် ပြည်သူ့စာကြည့်တိုက်၌ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စွမ်းရည်ပြိုင်ပွဲများပြုလုပ်

**သထုံ ဇူလိုင် ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ယနေ့မွန်းလွဲပိုင်းက သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်၏ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းနှင့် စွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ခဲ့ကြသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဋ္ဌေးက ကျောင်းသား ကျောင်းသူများ ဗဟုသုတတိုးပွားရေး ဟောပြောဆွေးနွေးသည်။

ယင်းနောက် စွမ်းရည်ပြိုင်ပွဲများကို ကျင်းပရာ အခြေခံပညာမူလတန်းကျောင်း(မော်ကျော့)မှ ကျောင်းသား ကျောင်းသူများက အရုပ်ဆက်၊ စကားပုံဆက်၊ ဆေးရောင်ခြယ်၊ ပန်းချီဆွဲနှင့် စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများကို တပျော်တပါး ပြုလုပ်ခဲ့ကြသည်။



အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် စာအုပ်စာစောင်များ၊ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေးစသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လေထုညစ်ညမ်းခြင်းနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းခြင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မော်လမြိုင် ဇူလိုင် ၂၂**

မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းခွဲတို့တွင် ဇူလိုင် ၂၂ ရက်က လေထုညစ်ညမ်းခြင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းခြင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြေအောင်နှင့် ဒုတိယဦးစီးမှူး ဦးလင်းထက်တို့က လေထုညစ်ညမ်းခြင်းနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းခြင်း ပတ်ဝန်းကျင်အကြောင်း သိကောင်းစရာအကြောင်းအရာများကိုကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ထကြွသောင်းကျန်းပတ်ရမ်းနေတဲ့ မြန်မာဆိုင်ရာစိတ်ရောဂါလက္ခဏာစု

နိုင်ငံတကာအဖွဲ့အစည်းတွေဆီက အထည်ကြီးပျက်တွေနဲ့ ဂိုက်ဖမ်းပြနေသူတွေထဲမှာ (Myanmar Derangement Syndrome) လို့ဆိုတဲ့ မြန်မာဆိုင်ရာစိတ်ရောဂါလက္ခဏာစုတွေ ထကြွနေကြပြီး သောင်းကျန်းရမ်းကားနေကြလေရဲ့။ သူတို့ဟာ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့၊ ဘဝင်မြင့်နေတဲ့၊ စိတ်ကြီးဝင်ပြီး အထက်စီးဆန်တဲ့စိတ်ခံတွေ အကြီးအကျယ် ကိန်းအောင်းနေတဲ့ သီလကြောင်တွေပါ။ သူတို့ဟာ သူတို့နေထိုင်ရာနေရာကနေ လွန်စွာဝေးကွာလှတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရှိ အသားညို၊ အသားဝါလူမျိုးတွေကို ဗလာချီ ဝေဖန်ထိုးနှက်နေကြသူတွေပါ။ အင်အားကြီးအနောက်နိုင်ငံတွေက သူတို့ရဲ့ “အန်ကယ်တွေ”နဲ့ တွေ့ပြီဆိုရင်တော့ ကုပ်ကုပ်ကလေးရှိနေတတ်ကြသူတွေပါ။

### တောင်စဉ်ရေမရ ဝိုင်းအုံဆွေးနွေး

လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာအကြာက မြန်မာနိုင်ငံမှာ အလုပ်လုပ်ခဲ့ဖူးတဲ့ တစ်ခါက လူတွင်ကျယ် (ယခု အထည်ကြီးပျက်) အချို့ဟာ အငြိမ်းစားယူသွားပြီးတဲ့အချိန်မျိုးမှာတောင် မြန်မာနိုင်ငံနဲ့ ဝေးဝေးကိုမသွားနိုင်ဘဲ ရစ်သီရစ်သီဖြစ်နေဆဲပါ။ ဒီထဲက အချို့တွေက စစ်ယူနီဖောင်းကြီးတကားကား ဆင်မြန်းပြီးသကာလ မြန်မာနယ်စပ်ဒေသတွေဆီ ပြန်လာကြတယ်။ ဒေါင်းတည်မောင်းတည်ပုံစံမျိုးနဲ့ ခန့်ခန့်ကြီးပါလား ဟရို့။ အချို့ကတော့ မှိုလိုပေါက်အောင် အနောက်တိုင်းမြို့တော်တွေမှာ အတိုင်ပင်ခံလုပ်ငန်းတွေ ဖွင့်စားကြပြန်တယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး မပြီးနိုင်မစီးနိုင် တောင်စဉ်ရေမရ ဝိုင်းအုံဆွေးနွေးကြတဲ့ပွဲတွေ ဟိုနားပေါ်လာလိုက်၊ ဒီနားပေါ်လာလိုက် တသီတတန်း ရှိနေပေမယ့် စာရင်းချုပ်လိုက်တော့ အားလုံး မြန်မာနိုင်ငံမှာ ပကတိဖြစ်ပျက်နေတာနဲ့ တက်တက်စင်အောင် လွဲနေတာပါပဲ။

အဲဒီထဲမှာ အချို့ကတော့ အနာဂတ်ကာလ ကန်ထရိုက် ရိုက်စား ခွင်တွေရဖို့၊ စားပေါက်စားလမ်းတွေရဖို့ မျှော်မှန်းချက်နဲ့ နေရာယူဖျာခင်း လှုပ်ရှားနေကြတာပါ။ အုပ်စုတစ်စုဆိုရင် “SAC” ဆိုတဲ့ အတိုကောက် ဝေါဟာရစကားစုကိုတောင် ဆင်တူယိုးမှားလုပ်ပြီး သူ့ရဲ့အမှတ်တံဆိပ် လုပ်ထားပါသေးတယ်။ ဒီလိုလုပ်တာဘယ်သူတွေလဲ။ အကြံကုန်လို့ ဂဠုန်ဆားချက်တာလား။

### သီလကြောင် (ကြောင်သူတော်)ပါ

ကဲ…ရှေ့ဆက်ပါရစေဦး။ အထူးအစီရင်ခံစာတင်သွင်းသူအမည်ခံ လူတစ်ဦးဟာ ဝါရှင်တန်ဒီစီရှိ သူ့စခန်းကနေ ဗုံးတွေနဲ့ထုသလို မတော်မတရား စွပ်စွဲချက်တွေနဲ့ လှမ်းလှမ်းပြီး ထုနေလေရဲ့။ သူဟာ သူ့ကိုယ်သူ သီလရှိသူပုံဖမ်းပေမယ့် သီလကြောင် (ကြောင်သူတော်)ပါပဲ။ ဒီလူရဲ့ အပြောအဆို၊ အပြုအမူတွေကို တရုတ်နဲ့ ရုရှားနိုင်ငံတို့က အာရုံစိုက်ပေးကြပါဦးလား။

ရိုးရိုးသားသားဆိုကြပါစို့ရဲ့။ စွမ်းရည်မြင့်တဲ့သူတွေ၊ ဉာဏ်ကြီးရှင်တွေက ရေရှည်မှာ လုပ်သလောက် အကျိုးခံစားခွင့်မရနိုင်တဲ့ ကန်ထရိုက်ကြေးစား လုပ်ကိုင်ပေးရတဲ့ဘဝမျိုးနဲ့ အခုလို နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ဝင်ရောက်လုပ်ကိုင်လေ့မရှိကြပါဘူး။ သူတို့ဟာ ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီတွေ၊ ဥပဒေအကျိုးဆောင်ကုမ္ပဏီတွေ၊ ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီတွေ စသည်စသည်ဖြင့် အကျိုးအမြတ်ကြီးမားစွာရနိုင်တဲ့ အလုပ်အကိုင်တွေမှာသာ မျှော်မှန်းလုပ်ကိုင်တတ်ကြတာပါ။

အဲဒီလိုအမြင့်ဆုံးကျွမ်းကျင်သူ ပညာရှင်အဆင့်မှာ မပါဝင်သူတွေကတော့ ငွေရပေါက်ရလမ်းကြီးမားတဲ့အလုပ်တွေမှာ လုပ်ခွင့်မရကြပေမယ့်လည်း သူတို့ကိုယ်သူတို့ အရေးပါသူဖြစ်သယောင်ယောင်၊ သီလစင်ကြယ်သူဖြစ်သယောင်ယောင် လူတွင်ကျယ် ဂိုက်ဖမ်းတတ်ကြတယ်။

သီးခြားကိစ္စရပ်တစ်ခုအနေနဲ့ ဆက်လက်ပြောချင်ပါသေးတယ်။ “စီးပွားရေးပညာရှင်” တစ်ဦးပါလို့ သူ့ကိုယ်သူ ထုတ်ဖော်ပြောနေတဲ့ လူတစ်ဦးဟာ လတ်တလောမှာတော့ စာအုပ်တွေ လိုက်ရောင်းနေပါတယ်။

ဒီလူဟာ ဘောဂဗေဒ ဒါမှမဟုတ် ဘဏ္ဍာရေးအကြောင်းရပ်တွေနဲ့ သက်ဆိုင်တဲ့ စာအုပ်စာတမ်းတွေ ဈေးကွက်မှာ အရောင်းထွက်ဖို့ သွက်သွက်လက်လက် လှုပ်ရှားနေပုံရတယ်။ လမ်းကြောင်းအမျိုးမျိုးကတစ်ဆင့် စာအုပ်တွေကို အစွံထုတ်ဖို့ ကြိုးစားနေတဲ့ စီးပွားရေးပညာရှင်ကြီးတစ်ဦးဆိုပါစို့။

ဒီနေရာမှာ ပြည်သူတွေ မေးသင့်တဲ့မေးခွန်းတစ်ခုပေါ်လာတယ်။ ဘယ်လိုအစိုးရမျိုးမဆို နိုင်ငံတော်ရဲ့ လျှို့ဝှက်ကန့်သတ်အဆင့်ရှိတဲ့ သတင်းအချက်အလက်တွေကို ယုံကြည်ရပါတယ်ဆိုတဲ့ အခြားနိုင်ငံသားတစ်ဦးကို ပေးအပ်ဖို့သင့်ပါသလား။ သာဓကဆောင်ရရင် အမေရိကန်နဲ့ ယူကေနိုင်ငံတို့ဟာ နှစ်မြွှာအသည်း မဟာမိတ်တွေဖြစ်ကြတဲ့တိုင်အောင် မိမိနိုင်ငံရဲ့ လျှို့ဝှက်အပ်တဲ့၊ အတိမ်းအစောင်းမခံနိုင်တဲ့ သတင်းအချက်အလက်တွေကို တစ်နိုင်ငံနဲ့တစ်နိုင်ငံ မျှဝေပေးသင့်ပါသလား။ ဥပမာအားဖြင့် အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်နိုင်ငံတွေဖြစ်တဲ့တိုင်အောင် ယူကေနိုင်ငံသားတစ်ဦးကို အမေရိကန်အစိုးရက သူ့ရဲ့လျှို့ဝှက်စာလွှာစာတမ်းတွေကို ပေးအပ်လိုက်တာမျိုးရှိပါသလား။ မဟာမိတ်နိုင်ငံရဲ့ နိုင်ငံသားတစ်ဦးဖြစ်လို့ဆိုပြီး အမေရိကန်သမ္မတရဲ့ စီးပွားရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ပြီး လျှို့ဝှက်အဆင့်ရှိ သတင်းအချက်တွေကိုပေးလို့ရကောင်းပါသလား။ ဒီလိုအခြေအနေမျိုး ဆိုက်အောင် လုပ်သင့်လုပ်ထိုက်ပါသလား။

❛ လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာအကြာက မြန်မာနိုင်ငံမှာ အလုပ်လုပ်ခဲ့ဖူးတဲ့ တစ်ခါက လူတွင်ကျယ် (ယခု အထည်ကြီးပျက်) အချို့ဟာ အငြိမ်းစားယူသွားပြီးတဲ့အချိန်မျိုးမှာတောင် မြန်မာနိုင်ငံနဲ့ ဝေးဝေးကိုမသွားနိုင်ဘဲ ရစ်သီရစ်သီဖြစ်နေဆဲပါ။ ဒီထဲက အချို့တွေက စစ်ယူနီဖောင်းကြီးတကားကား ဆင်မြန်းပြီးသကာလ မြန်မာနယ်စပ်ဒေသတွေဆီ ပြန်လာကြတယ်။ ဒေါင်းတည်မောင်းတည်ပုံစံမျိုးနဲ့ ခန့်ခန့်ကြီးပါလား ဟရို့။ အချို့ကတော့ မှိုလိုပေါက်အောင် အနောက်တိုင်းမြို့တော်တွေမှာ အတိုင်ပင်ခံလုပ်ငန်းတွေ ဖွင့်စားကြပြန်တယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး မပြီးနိုင်မစီးနိုင် တောင်စဉ်ရေမရ ဝိုင်းအုံဆွေးနွေးကြတဲ့ပွဲတွေ ဟိုနားပေါ်လာလိုက်၊ ဒီနားပေါ်လာလိုက် တသီတတန်းရှိနေပေမယ့် စာရင်းချုပ်လိုက်တော့ အားလုံး မြန်မာနိုင်ငံမှာ ပကတိဖြစ်ပျက်နေတာနဲ့ တက်တက်စင်အောင် လွဲနေတာပါပဲ ❜

### နိုင်ငံခြားသားတစ်ဦးကို ယုံမှတ်ပုံအပ်ခဲ့

ပြောမယ့် ကြုံဖူးမှသိဆိုသလို ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပဲ အထက်ဖော်ပြပါဖြစ်စဉ်မျိုး ဖြစ်သွားခဲ့တာပါ။ မြန်မာအစိုးရ အဖွဲ့ခေါင်းဆောင်ရဲ့ အထက်တန်းအကြံပေးတစ်ဦးအဖြစ် နိုင်ငံခြားသားတစ်ဦးကို ခန့်ထားခဲ့တာပါ။ သွားလေသူအစိုးရအဖွဲ့ဟာ လုပ်ထုံးလုပ်နည်း စံချိန်စံညွှန်းနဲ့အညီ လုပ်ကိုင်ဘိအလား နိုင်ငံခြားသားတစ်ဦးကို ယုံမှတ်ပုံအပ်ခဲ့တာပါ။ ဥဒါဟရုဏ်ညွှန်းဆိုရရင် လေးစားအပ်ပါသော နိုင်ငံခြားသား စီးပွားရေးပညာရှင်တစ်ဦးဦးကို စင်ကာပူဝန်ကြီးချုပ် ဒါမှမဟုတ် ထိုင်းဝန်ကြီးချုပ်ရဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ပါ့မလား၊ အနောက်တိုင်းအစိုးရအဖွဲ့ တစ်ရပ်ရပ်ကရော ခန့်အပ်တာမျိုး ကြားဖူးကြပါရဲ့လား၊ နိုင်ငံခြားသားတစ်ဦးကို နိုင်ငံတစ်နိုင်ငံရဲ့ ခေါင်းဆောင်ပိုင်း အတွင်းစည်းထဲအထိ ဝင်ရောက်စေပြီး စီးပွားရေးအကြံပေးအဖြစ်ထားတာမျိုး ဖြစ်နိုင်ပါရဲ့လား၊ သွေးမတော်၊ မျိုးမတူ၊ လူမျိုးခြားတစ်ဦးကို ယုံမှတ်ပုံအပ်ဖို့သင့်ပါရဲ့လား။ ဒီမေးခွန်းကို လူတိုင်းမမေးမြန်းသင့်ဘူးလား။

ဟုတ်သမှသိပ်မှန်လွန်းလှပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံခြားသံရုံးတစ်ရုံးက တာဝန်ရှိသူတစ်ဦးဟာ အစိုးရအဖွဲ့ရဲ့ အစည်းအဝေးအချို့ကို ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ခဲ့တယ်ဆိုတာ လူတိုင်းသိနေတဲ့အချက်ပါ။ (သူဘယ်သူလဲဆိုတာကိုလည်း ခင်ဗျားသိပါလိမ့်မယ်။)

ရိုးရိုးကျင့် မြင့်မြင့်ကြံကြပါ ပြည်သူအပေါင်းတို့။ ။

❛ ပြောမယ့် ကြုံဖူးမှသိဆိုသလို ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပဲ ဖော်ပြပါဖြစ်စဉ်မျိုး ဖြစ်သွားခဲ့တာပါ။ မြန်မာအစိုးရအဖွဲ့ခေါင်းဆောင်ရဲ့ အထက်တန်းအကြံပေးတစ်ဦးအဖြစ် နိုင်ငံခြားသားတစ်ဦးကို ခန့်ထားခဲ့တာပါ။ သွားလေသူအစိုးရအဖွဲ့ဟာ လုပ်ထုံးလုပ်နည်း စံချိန်စံညွှန်းနဲ့အညီ လုပ်ကိုင်ဘိအလား နိုင်ငံခြားသားတစ်ဦးကို ယုံမှတ်ပုံအပ်ခဲ့တာပါ။ ဥဒါဟရုဏ်ညွှန်းဆိုရရင် လေးစားအပ်ပါသော နိုင်ငံခြားသားစီးပွားရေးပညာရှင်တစ်ဦးဦးကို စင်ကာပူဝန်ကြီးချုပ် ဒါမှမဟုတ် ထိုင်းဝန်ကြီးချုပ်ရဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ပါ့မလား၊ အနောက်တိုင်းအစိုးရအဖွဲ့တစ်ရပ်ရပ်ကရော ခန့်အပ်တာမျိုး ကြားဖူးကြပါရဲ့လား၊ နိုင်ငံခြားသားတစ်ဦးကို နိုင်ငံတစ်နိုင်ငံရဲ့ ခေါင်းဆောင်ပိုင်း အတွင်းစည်းထဲအထိ ဝင်ရောက်စေပြီး စီးပွားရေးအကြံပေးအဖြစ်ထားတာမျိုး ဖြစ်နိုင်ပါရဲ့လား၊ သွေးမတော်၊ မျိုးမတူ၊ လူမျိုးခြားတစ်ဦးကို ယုံမှတ်ပုံအပ်ဖို့သင့်ပါရဲ့လား ❜

{၂၂-၇-၂၀၂၄ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် Dr. Nay Zaw Min (Roma) ၏ Myanmar Derangement Syndrome ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။}



www.gnlm.com.mm 22 JULY 2024 THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE

MYANMAR DERANGEMENT SYNDROME

By Dr. Nay Zaw Min (Roma)

THERE is rampant Myanmar Derangement Syndrome within the has-beens and wannabes from the international organizations. Obnoxious, holier than thou, arrogant mindset is widespread in their midst. They have to pile in on those brown and yellow people in faraway developing countries. When it comes to their "Uncles" in powerful Western countries, they don't register.

Some "has-beens", even if they worked in Myanmar decades ago and already retired, can't stay away. Some return to the border areas wearing military fatigue. Looking tough! Some have thriving consultancy business. Appear here ! Appear there! There's no shortage of "events" in the Western capitals for endless, meaningless discussions about Myanmar, all the while totally oblivious about the reality. Then there are some who just keep their names in the picture for potential future contracts. A group has even replicated a name with "SAC" in it! Who in the right mind! Are they really that desperate?

Then there's a so-called rapporteur who lobs grenades form his base in Washington D. C. Based in Washington D. C., what is he supposed to do! Such a righteous person! China take note! Russia take note!

Let's be honest. The best and the brightest don't work for years/decades in the international organizations with a civilian paygrade. The best and the brightest go work for financial firms, law firms, hedge funds, etc., etc. There's a need for these mediocre average IQ people to feel righteous.

On a separate matter, a certain "economist" has been making rounds selling books. The question people should ask is, how could any government allow a foreign citizen to be privy of intimate information of the country's sensitive details. Even the best of the allies such as United States and the UK, for example. Imagine if the leader of the United States enlists a UK national as a close economist advisor and share sensitive knowledge and information of the US? Could that even happen? Only in Myanmar when a foreign national is enlisted as a senior advisor to the leadership, the person is hoisted, celebrated and accepted as if it's a standard procedure. Let the distinguished "economist" to find a position with say, Prime Minister of Singapore, Prime Minister of Thailand and see if that is possible, let alone a Western government. How can a foreign national, any foreign national, can become a close economic advisor to the leadership of a country. Who might they be reporting the sensitive information of the country? Has anyone ask?

On yes, from 2015 to 2020, it was an open knowledge (not open secret!) that an official from a certain foreign embassy even sat in on some cabinet meetings (you know who you are).

Let's be real, people!

“Some "has-beens", even if they worked in Myanmar decades ago and already retired, can't stay away. Some return to the border areas wearing military fatigue. Looking tough! Some have thriving consultancy business.”

“On a separate matter, a certain "economist" has been making rounds selling books. The question people should ask is, how could any government allow a foreign citizen to be privy of intimate information of the country's sensitive details.”

# ဒဂုံတက္ကသိုလ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သစ်တောဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဒဂုံတက္ကသိုလ် ကျောင်းဝင်းအတွင်း ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး တို့ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများက အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ခရေ၊ ငုရွှေဝါ၊ မအူ၊ ပျဉ်းကတိုး၊ ပိတောက်၊ မန်ကျည်း၊ ယူကလစ်၊ မဟော်ဂနီ သစ်မျိုး ၁၁ မျိုး စုစုပေါင်း ပျိုးပင် ၅၀၅၈ ပင် စိုက်ပျိုးခဲ့ကြသည်။ အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း တက်ရောက်အင်အား ၂၂၅၀ တို့က စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မော်လမြိုင်မြို့နယ်၌ သစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းရေးအသိပညာပေး ဆွေးနွေး

**မော်လမြိုင် ဇူလိုင် ၂၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အလက(၆)တွဲဖက် အထကကျောင်း၌ ကျင်းပသည်။

**ရှင်းလင်းဟောပြော**

ဆွေးနွေးပွဲတွင် မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးနိုင်က သစ်တောသစ်ပင်များအရေးပါပုံ၊ သစ်တောများမှ ရရှိသော အကျိုးကျေးဇူး၊ မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှု အခြေအနေ၊ သစ်တောများ ပျက်စီးပြုန်းတီးစေသည့်အကြောင်းရင်း၊ မြန်မာနိုင်ငံ၏ သစ်တော ဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာစေရန် သစ်တောဦးစီးဌာန၏ ဆောင်ရွက်မှု၊ သစ်ပင်တစ်ပင် ရှင်သန်ဖွံ့ဖြိုးစေရန် ပြုစုပျိုးထောင်စိုက်ပျိုးနည်း၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတွင် ပြည်သူလူထုပါဝင်လာစေရန် ဌာနအနေဖြင့် ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်၌ သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဟောပြောပွဲပြုလုပ်

**ကျိုက်ထို ဇူလိုင် ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် သစ်တောဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ပြည်သူလူထုပူးပေါင်း ပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်နိုင်က သစ်တောသစ်ပင်များအရေးပါပုံ၊ သစ်တောများမှရရှိသော အကျိုးကျေးဇူး၊ သစ်တောများ ပျက်စီးပြုန်းတီးစေသည့်အကြောင်းရင်း၊ သစ်တောဖုံးလွှမ်းမှု အခြေအနေ၊ သစ်ပင်တစ်ပင်ရှင်သန်ဖွံ့ဖြိုးစေရန် ပြုစုပျိုးထောင် စိုက်ပျိုးနည်း၊ သစ်တောများနှင့် သဘာဝဘေးအန္တရာယ်၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတွင် ပြည်သူလူထု ပါဝင်လာစေရန် ဌာနအနေဖြင့်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အထက(၁) ကျောင်းဝင်းအတွင်း ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ ပျဉ်းကတိုးပင် ၅၀၊ သက်န်းပင် ၅၀၊ မဟော်ဂနီပင် ၅၀၊ မန်ကျည်းပင် ၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

# ဘီးလင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းရေးအသိပညာပေးဟောပြော

**ဘီးလင်း ဇူလိုင် ၂၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီခွဲက အထက(နှင်းပုလဲ) ကျောင်းဝင်းအတွင်း ကျင်းပသည်။



ဦးစွာ ဘီးလင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်မွန်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်၊ အထက(နှင်းပုလဲ) ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများထံသို့ ပျိုးပင်များလွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက မန်ကျည်းပျိုးပင် ၁၅၀ ကို စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ ဘီးလင်းမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခိုင်မွန်က ကျောင်းသား ကျောင်းသူများအား ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်များစိုက်ပျိုးပြုစုထိန်းသိမ်းရေး၊ သစ်တောများ ပြုန်းတီးရခြင်းအကြောင်းရင်းနှင့် ထိန်းသိမ်းကာကွယ်ရေး အကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**ရမည်းသင်း ဇူလိုင် ၂၂**

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းခရိုင် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာ ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသန်းထွန်းက သစ်ပင်စိုက်ပျိုးပြုစု ထိန်းသိမ်းရေး အကြောင်းရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ခရိုင်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က သစ်တော၊ သစ်ပင်များမှပေးစွမ်းသော အကျိုးကျေးဇူးများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးငြိမ်းချမ်း-၄ က မြန်မာနိုင်ငံ၏ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနှင့် သစ်တောများမှရရှိသည့် အကျိုးကျေးဇူးများကို ပရိုဂျက်တာဖြင့် အသိပညာပေး ဟောပြောဆွေးနွေးသည်။



ဆက်လက်၍ တက်ရောက်လာသူများက ကျွန်းပင် ၂၀၊ ပိတောက်ရှစ်ပင်၊ စကားဝါ ခြောက်ပင်၊ သပြေဘူတပင် ၃၀၊ ငုရွှေဝါ ခုနစ်ပင်၊ ကရမက် တစ်ပင်၊ ရေတမာ သုံးပင် စုစုပေါင်း ၇၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သံဖြူဇရပ်မြို့နယ်၌ သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**သံဖြူဇရပ် ဇူလိုင် ၂၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။




ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက ဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သစ်တောဦးစီးဌာန မြို့နယ် ဦးစီးဌာနမှူး ဦးဝင်းဗိုလ်ဦးက သစ်ပင် စိုက်ပျိုးခြင်းအကြောင်း ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ ပြည်လည်းလှ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၂၂-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ (၂၁-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၂၂-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ (၅၈)ဦးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ (၂)ဦးဖြစ်ပါသည်။ လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၂၂-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၆၈)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ဖြစ်ပွားသူဦးရေမှာ သိသိသာသာလျော့နည်းလာပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုဖြင့် ဗဟိုနှင့် ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုပူးပေါင်းပါဝင်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်မှုကြောင့် ရောဂါကူးစက်ပြန့်ပွားမှုအား ထိန်းချုပ်နေနိုင်ပြီဖြစ်ပါကြောင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုနှင့်စပ်လျဉ်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဗဟို၊ တိုင်းဒေသကြီးနှင့် မြို့နယ် ကွင်းဆင်းအဖွဲ့များက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

### ကွင်းဆင်းသွားရောက်

ထို့နောက် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း ဆိပ်ကြီးကျေးရွာရှိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာနေအိမ်တို့သို့ သွားရောက်၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နေအိမ်နှင့်လမ်းအနီးတစ်ဝိုက်တွင် လူနာသစ်ရှာဖွေခြင်း၊ လူနာနှင့်ထိစပ်သူ တစ်အိမ်တည်းအတူနေမိသားစုဝင်များအား ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးခြင်း (Contact Treatment)၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။


ထို့ပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ညှိနှိုင်းစီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး စက်ဆန်းကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေအသုံးပြုရေးအစီအမံများချမှတ်ဆောင်ရွက်၍ Life Straw ရေသန့်စင်စက်နှစ်လုံး တပ်ဆင်ခြင်းနှင့် အသုံးပြုနည်းလက်တွေ့သရုပ်ပြ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထို့အတူ ဒုတိယညွှန်ကြားရေးမှူးချုပ်(သဘာဝဘေး/ကူးစက်)ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည်လည်း သဃ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့သို့လည်းကောင်း ကွင်းဆင်း၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အလားတူ သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း မြို့နယ်စည်ပင်သာယာရေးဦးစီးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့တွင် သန့်ရှင်းသောသောက်ရေရရှိရေး အထူးစီမံချက်ဖြင့် Life Straw ရေသန့်စင်စက် ၁၉ လုံးကိုအသုံးပြု၍ သန့်ရှင်းသောသောက်ရေ နေ့စဉ်ဖြန့်ဝေပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် အိမ်ထောင်စု ၄၉၂ စု အတွက် သောက်ရေသန့် လီတာ ၇၅၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးထုတ်ပေး

မအူပင် ဇူလိုင် ၂၂

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးထုတ်ပေးခြင်းနှင့် ဇီဝအချက်အလက် ကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက မအူပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးသည်။



### ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ဦးစီးမှူး ဦးဇော်မိုးအောင်က ကျောင်းသူ ကျောင်းသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်သူများ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး ၁၆ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၉၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID နံပါတ်များ ထုတ်ပေးခြင်းကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လေးလေးသန်း**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ ကြည့်ရှုအားပေး

ပဲခူး ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အကြိမ် (၂၀) မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းအား ကြည့်ရှုအားပေးခဲ့သည်။



## လိုက်လံကြည့်ရှု

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ စုစုပေါင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၉၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ်အတွင်း၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ဥဿာမြို့သစ်၌ ပဲခူးမြို့နယ် ရဲဝန်ထမ်းဟောင်း ရုံးဆောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ ပဲခူးမြို့ အရှေ့ဘက်မြို့ရှောင်လမ်းနှင့် အနောက်ဘက်မြို့ရှောင်လမ်းသို့ ချိတ်ဆက်မည့် သမိန်ဗရမ်းလမ်းအား အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မေထုန်မဲ့သားစပ်သင်တန်း တက်ရောက်ဖွင့်လှစ်၊ သုတေသနဓာတ်ခွဲခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွေးမြူရေးသုတေသနဦးစီးဌာနက ဖွင့်လှစ်သည့် “သုတေသနနည်းပညာ ဖွံ့ဖြိုးရေးသင်တန်း နွားမေထုန်မဲ့သားစပ်နည်း အမှတ်စဉ်(၁)” ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် သုတေသနနည်းပညာ ဖွံ့ဖြိုးရေးသင်တန်း နွားမေထုန်မဲ့သားစပ်နည်း အမှတ်စဉ်(၁) ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၂၁ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့် သီးနှံကာကွယ်ရေး သုတေသနဌာနခွဲ၊ အပင်မျိုးရိုးဗီဇနှင့် မော်လီကျူလာနည်းပညာဖြင့် မျိုးမွေးမြူရေး သုတေသနဌာနစုရှိ မော်လီကျူလာဓာတ်ခွဲခန်း၊ သဘာဝအရင်းအမြစ်များ သုတေသနဌာနခွဲ ရေအသုံးချရေး သုတေသနဌာနစုဓာတ်ခွဲခန်းများ၊ မွေးမြူရေးသုတေသနဦးစီးဌာန၏ ဒေသနွားမွေးမြူရေးခြံသို့လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရာပြည့်အထိမ်းအမှတ်ခန်းမ ဆောက်လုပ်ပြီးစီးမှု၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် အိပ်ဆောင်များနှင့် ထမင်းစားဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဆောင်ရွက်သည့် စပါးသီးနှံရိတ်သိမ်းအပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်းစီမံကိန်းအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ယာသီးနှံသုတေသနဌာနခွဲ ပဲမျိုးစုံသီးနှံသုတေသနဌာနစုတွင် စိုက်ပျိုးထားရှိသော ပဲပုပ်မျိုး ရေဆင်း–၁၅ ဆင့်ပွားမျိုးစေ့ မျိုးသန့်ပွားများနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



**သတင်းစဉ်**

# ဓာတ်အားခကြွေးကျန်ကျဆင်းရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယနေ့နံနက်ပိုင်းက အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ တောင်ဥက္ကလာပမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့သွားရောက်၍ ဓာတ်အားခကြွေးကျန်အခြေအနေများ၊ ဓာတ်အားခကြွေးကျန်ကျဆင်းရေးဆောင်ရွက်ထားရှိမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု ရှိ/မရှိ တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် တောင်ဥက္ကလာပမြို့နယ်အတွင်း ဓာတ်အားခကြွေးကျန် ကျဆင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေးနှင့် ခရိုင်စုဖွဲ့ဝန်ထမ်းများ မြို့နယ်အတွင်း စစ်ဆေးဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးကာဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးကို ကြပ်မတ်ဆောင်ရွက်၍ ကြွေးကျန်များ ကျဆင်းရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် တာဝန်ရှိသူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သစ္စာ(mna)**

**ဓာတ်ပုံ – YESC**

# သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

သထုံ ဇူလိုင် ၂၂

မွန်ပြည်နယ် သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းတို့ဖြင့် ရောင်းချပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက သထုံခရိုင် ပြည်သူ့ဆေးရုံကြီး၌ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော် ဦးဆောင်သည့် အထူးကု ဆရာဝန်ကြီးများ၊ သမားတော်များ၊ ခွဲစိတ်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆန်ကုန်သည်ကြီးများ အသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက်စသည့် အခြေခံစားသောက်ကုန်များ ရောင်းချပေးခြင်းတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်တို့ကို ပံ့ပိုးပေးခဲ့ကြသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ စောင့်ရှောက်မှုပေးရာတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့က လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဖိလစ်ပိုင်နိုင်ငံ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းများ ပိတ်ပင်မည်

**မနီလာ ဇူလိုင် ၂၂**

ဖိလစ်ပိုင်နိုင်ငံ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းများကို ပိတ်ပင်ရန်အတွက် သမ္မတ ဖာဒီနန်မားကို့စ်က ယနေ့ ညွှန်ကြားခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

**ထပ်လောင်းပြောကြား**

နိုင်ငံအတွင်းရှိ အွန်လိုင်းလောင်းကစားလုပ်ကိုင်သည့် လုပ်ငန်းများအား ပိတ်ပင်ကြောင်း နိုင်ငံတော်အခြေပြုမိန့်ခွန်းတွင် သမ္မတဖာဒီနန်မားကို့စ်က ထပ်လောင်းပြောကြားသည်။

ယင်းအွန်လိုင်း လောင်းကစားလုပ်ငန်းများမှတစ်ဆင့် ငွေကြေးခဝါချမှု၊ ပြည့်တန်ဆာမှု၊ လူကုန်ကူးမှု၊ ပြန်ပေးဆွဲမှုနှင့် လူသတ်မှုများအထိ ဖြစ်ပွားလာရကြောင်း သမ္မတ ဖာဒီနန်မားကို့စ်က ပြောကြားသည်။ ယခုကဲ့သို့ အွန်လိုင်းလောင်းကစားခြင်းကို ပိတ်ပင်လိုက်သဖြင့် မှုခင်းများလျော့နည်းကျဆင်းလာမည်ဟု သမ္မတက ထပ်လောင်းပြောကြားသည်။ နိုင်ငံအတွက်နှစ်စဉ် ပီဆို ၉၉ ဒသမ ၅ ဘီလီယံကုန်ကျမှုရှိသဖြင့် ၎င်းအွန်လိုင်းလောင်းကစားလုပ်ငန်းကို ပိတ်ပင်ရေးအတွက် တာဝန်ရှိသူများက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**





# ဂျပန်နိုင်ငံ၌ အပူချိန်မြင့်တက်

**တိုကျို ဇူလိုင် ၂၂**

ဂျပန်နိုင်ငံ အရှေ့ပိုင်းတိုချီဂီနှင့် ယာမာနာရှီ စီရင်စုများတွင် အပူချိန် ၃၉ဒီဂရီ ဆဲလ်ဆီးယက်အထိ မြင့်တက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

စီရင်စု ၃၉ ခုတွင် အပူဒဏ်ကာကွယ်ရေး သတိပေးချက်များထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံတွင် အပူချိန်မြင့်မားနေသည့်အတွက် နိုင်ငံသားများအား အပူလျှပ်ဝေဒနာမှ ကာကွယ်ရန်အတွက် အပူဒဏ်ကာကွယ်ရေး ကိရိယာများအား ကုမ္ပဏီများက ထုတ်လုပ်ခဲ့ကြသည်။

ယင်း အပူဒဏ်ကာကွယ်ရေးကိရိယာအား ဦးခေါင်းတွင်ဝတ်ဆင်ရပြီး စမတ်ဖုန်းအက်ပလီကေးရှင်းနှင့် ချိတ်ဆက်ထားကာ ဝတ်ဆင်ထားသူ၏ ပတ်ဝန်းကျင်ရှိ အပူချိန်နှင့် စိုထိုင်းဆအပါအဝင် နဖူးမှ ထွက်ရှိသည့်အပူချိန်တို့ကို တိုင်းတာပေးသည်။ ယင်းကိရိယာ ဝတ်ဆင်ထားသည့် လုပ်သားသည် အပူချိန်မြင့်တက်နေပါကလည်း အလုပ်ကြီးကြပ်သူမန်နေဂျာအား သတိပေးသည့် စနစ်ကို တပ်ဆင်ထားသည်။ ယခုထုတ်လုပ်သည့်ကိရိယာသည် လုပ်ငန်းခွင်အသီးသီးရှိ လုပ်သားများအား အပူဒဏ်မှ ကာကွယ်ပေးမည်ဖြစ်ကြောင်း ယင်းကိရိယာထုတ်လုပ်သည့် လုပ်ငန်းမှ တာဝန်ရှိသူ ဟာဂါရှီမာမာဆာတိုရှီက ပြောကြားသည်။

ထို့ပြင် ကျန်းမာရေးပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုကလည်း နံရံတွင်ကပ်ထားနိုင်သည့် အပူချိန်တိုင်းတာနိုင်သော ကိရိယာတစ်မျိုးကို ထုတ်လုပ်ခဲ့သည်။ ယင်းကိရိယာအား မိုဘိုင်းဖုန်းဆက်သွယ်ရေးကွန်ရက်နှင့် ဆက်သွယ်ထားပြီး ကျောင်းများနှင့် တိရစ္ဆာန်ရုံကဲ့သို့သော လူစည်ကားသည့်နေရာများတွင် ထားရှိကာ လူများ၏ ကိုယ်ခန္ဓာအပူချိန်မြင့်တက်နေပါက သတိပေးမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– စိုးသူရ**

# အစ္စရေးနိုင်ငံ အိုင်လတ်မြို့နှင့် ပင်လယ်နီအတွင်းရှိ အမေရိကန် သင်္ဘောတစ်စင်းအား ဟူသီစစ်သွေးကြွအုပ်စုတိုက်ခိုက်

**ဂါဇာ ဇူလိုင် ၂၂**

ဟူသီစစ်သွေးကြွအုပ်စုက အစ္စရေးနိုင်ငံ အိုင်လတ်မြို့နှင့် ပင်လယ်နီအတွင်းရှိ အမေရိကန်သင်္ဘောတစ်စင်းအား ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ဂါဇာဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများ မရပ်တန့်မချင်း ဆက်လက်တိုက်ခိုက်မည်ဟုလည်း ဟူသီစစ်သွေးကြွအဖွဲ့က ထပ်လောင်းပြောကြားသည်။

တိုက်ခိုက်မှုများအတွင်း အိုင်လတ်မြို့ရှိ ပစ်မှတ်များကို တိုက်ရိုက်ထိမှန်ခဲ့ပြီး ပင်လယ်နီအတွင်းရှိ အမေရိကန်သင်္ဘော ပန်ဗာကိုလည်း ထိမှန်ခဲ့ကြောင်း ဟူသီစစ်သွေးကြွအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ယာယာဆာယီယာက ပြောသည်။ ယီမင်နိုင်ငံအတွင်းမှ ဟူသီစစ်သွေးကြွအဖွဲ့ပစ်ခတ်သည့် တိုက်ချင်းပစ်ဒုံးကျည်များအား အစ္စရေးတပ်မတော် လေကြောင်းရန်ကာကွယ်ရေးစနစ်က ပစ်ချနိုင်ခဲ့ကြောင်း ယမန်နေ့တွင် အစ္စရေးတပ်မတော်က ပြောကြားသည်။ ပင်လယ်နီအတွင်းရှိ ဟူဒီလတ်ဆိပ်ကမ်းမြို့အား ဇူလိုင် ၂၀ရက်က အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ လောင်စာဆီသိုလှောင်သည့်နေရာများကို ထိမှန်ပြီး သုံးဦးသေဆုံးကာ ၈၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဟူသီစစ်သွေးကြွအဖွဲ့က ပြောကြားသည်။

ယမန်နှစ် နိုဝင်ဘာလမှစတင်၍ ဟူသီစစ်သွေးကြွအဖွဲ့သည် ဂါဇာဒေသရှိဒေသခံများနှင့် တစ်သားတည်းရပ်တည်နေကြောင်း ပြသသည့်အနေဖြင့် အေဒင်ပင်လယ်ကွေ့နှင့် ပင်လယ်နီအတွင်းရှိ အစ္စရေးသင်္ဘောများကို တိုက်ခိုက်ခဲ့သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန် –စိုးသူရ**



# တရုတ်နိုင်ငံ၌ ကျောင်းသားများ အဝလွန်ရောဂါဖြစ်ပွားမှုမှ ကာကွယ်တားဆီးရေးဆောင်ရွက်မည်

**ပေကျင်း ဇူလိုင် ၂၂**

တရုတ်နိုင်ငံတွင် မူလတန်းနှင့် အလယ်တန်း ကျောင်းသားများအား အဝလွန်ရောဂါဖြစ်ပွားမှုမှ ကာကွယ်တားဆီးရေးဆောင်ရွက်မည်ဟု ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

အဝလွန်ရောဂါ ကာကွယ်တားဆီးရေးနှင့် ကိုယ်အလေးချိန်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းများကို အမျိုးသားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ အမျိုးသားကျန်းမာရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အားကစားဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တို့က ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းစည်းမျဉ်းများအရ အဝလွန်ခြင်းကို ထိန်းချုပ်ရန် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုပုံစံများ ဖြစ်သည့် ဆား၊ ဆီနှင့် သကြားလျှော့စားခြင်း အပါအဝင် ကျန်းမာရေးပညာရှင်များက အကြံပြုသည့် အတိုင်းလိုက်နာဆောင်ရွက်သွားရန် ကျောင်းသားများအား တိုက်တွန်းခဲ့သည်။ ထို့ပြင်ကျောင်းသားများသည် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမည်ဟု ယင်းစည်းမျဉ်းအရ သိရသည်။



ယခုဆောင်ရွက်သည့် အဝလွန်ရောဂါထိန်းချုပ်ရေးလုပ်ငန်းသည် ကျောင်းသားများ၏ ကိုယ်နှင့်စိတ်ကို ကျန်းမာစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အစ္စရေးတပ်မတော်က ခန်းယူနွတ်မြို့အား တိုက်ခိုက်မှုအတွင်း ဒေသခံ ၁၄ ဦး သေဆုံး

**ဂျေရုဆလင် ဇူလိုင် ၂၂**

ဂါဇာဒေသတောင်ပိုင်း ခန်းယူနွတ်မြို့အား အစ္စရေးတပ်မတော်က ယနေ့တိုက်ခိုက်မှုအတွင်း ကလေးခြောက်ဦးနှင့် အမျိုးသမီးလေးဦးအပါအဝင် ပါလက်စတိုင်း ၁၄ဦးသေဆုံးကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ခန်းယူနွတ်မြို့ရှိ နေဆာ ဆေးကုသရေးဌာနတွင် ထိခိုက်ဒဏ်ရာရရှိသူများအား ကုသရန် သွေးပုလင်းများလျော့နည်းနေသဖြင့် ဒေသခံများကို သွေးလှူဒါန်းရန် တိုက်တွန်းခဲ့ရကြောင်း တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။ ခန်းယူနွတ်မြို့အရှေ့ပိုင်းတွင် အစ္စရေးတပ်မတော်လေယာဉ်များက တိုက်ခိုက်ခဲ့သဖြင့် ဒေသခံများ မြို့၏ အနောက်ဘက်သို့ ခိုလှုံခဲ့ရကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီ ဝါဖာက ပြောကြားသည်။ မိမိတို့သည် အကြမ်းဖက်အဖွဲ့အစည်းများအား ချေမှုန်းတိုက်ခိုက်နေသဖြင့် ခန်းယူနွတ်ရှိ ဒေသခံများကို ဘေးလွတ်ရာသို့ ထွက်ခွာရေး ညွှန်ကြားထားကြောင်း အစ္စရေးတပ်မတော်က မှတ်ချက်ပြုပြောကြားသည်။

ဘေးလွတ်ရာသို့ပြောင်းရွှေ့ရေးညွှန်ကြားချက်များကို အာရပ်ဘာသာစကားဖြင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် စာတိုများပေးပို့ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Trito မော်တော်ယာဉ်တစ်စီးနှင့် Dihatsu Hijet ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် ဘီယာစတားသုံးဆိုင်ရှေ့၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Tiger Beer ဖာ ၁၅၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၀၀၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၄၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မုတ္တမမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထွက် ပန်းသီး ကီလိုဂရမ် ၁၂၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မာ ၂ ဒသမ ၁၃၅ တန်၊ အခြားသစ် ၃ ဒသမ ၄၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၅၂၇၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၆၇၂၇၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၀၇၂၇၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၁ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Zu Ye Moe" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာနေ ဇူရဲမိုးအား ည ၁၂ နာရီ မိနစ် ၄၀ တွင် ရေဆင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့၌ လူကုန်ကူးမှုဥပဒေဆိုင်ရာ သင်တန်းဖွင့်ပွဲ ပြုလုပ်

**ကော့သောင်း ဇူလိုင် ၂၂**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (ကော့သောင်း)က ဖွင့်လှစ်သည့် လူကုန်ကူးမှုဥပဒေ၊ လူကုန်ကူးခံရသူ စိစစ်သတ်မှတ်ခြင်း၊ လွှဲပြောင်းညွှန်းပို့ခြင်းနှင့် အကူအညီပေးခြင်း ဆိုင်ရာ သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဟံသာဝတီခန်းမ၌ ကျင်းပသည်။



**အသိပညာများရရှိ**

ဦးစွာ ကော့သောင်းမြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးဝန်ထမ်းများ၊ ရပ်/ကျေး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လူကုန်ကူးမှုဆိုင်ရာ အသိပညာများရရှိစေရန်၊ လူကုန်ကူးခံရသူ ဖြစ်ကြောင်း ကနဦး စိစစ်သတ်မှတ်နိုင်ရန်၊ လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းများကို စနစ်တကျ အသုံးပြု တတ်ကြစေရန်နှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေသစ်ကို လေ့လာသိရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၇-၂၀၂၄ အင်္ဂါနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** ပညာရည်မြင့်မားရေးဆောင်ရွက်မှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့
- **၀၉:၁၅** ထူးခြားစုံလင်အာရုပစိဗိတ်အစီအစဉ်
- **၀၉:၄၀** Sports Diary
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုင်း' (အပိုင်း-၁၂)
- **၁၃:၃၀** MRTV National News
- **၁၅:၃၀** Weekly MNL Review
- **၁၆:၅၀** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- **၁၇:၁၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- **၁၇:၃၅** ပုသိမ်မြို့မှကြိုဆိုပါ၏
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၄၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုင်း' (အပိုင်း-၁၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၃၂)
- **၂၂:၁၅** မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၂၀)

**mitv**

- **07:02** Evergreen Classic: Myanma Panorama and Myanma Sentiment
- **07:09** The Usefulness of Thread
- **07:26** Skilled Performance of Traditional Myanmar Colored Glass Ball (Ep-5)
- **07:37** A Grate Musician of A Horn Violin
- **08:01** News
- **08:26** Topics Potpourri; Croatia's Oldest Sewn Boat
- **08:31** Reconservation Thatbyinnyu Temple
- **08:48** Sagaing: Youth Leader
- **09:01** Topical Science Topic: Beauty of Marine Life
- **09:25** Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-2) The Duet Dance of Kedara Parrot King
- **09:48** Chaung Tha Souvenir Business
- **10:01** News
- **10:26** Lifestyle & Entertainment (Weekly Updates)
- **10:35** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
- **10:47** Myanmar Childhood Games (Episode-1)

**MRTV NRC**

- **ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** ပီနောင့်တိုင်းတို့နာမည်မှည့်ခေါ်ပုံ
- **ဝ (၀၈:၀၀ မှ ၁၀:၀၀)** ပိုးမွေးမြူရေးအကြောင်း
- **ကချင် (၁၀:၀၀ မှ ၁၂:၀၀)** မျဉ်းနှစ်ကြောင်းရဲ့ချစ်ခြင်း
- **ကယား (၁၂:၀၀ မှ ၁၄:၀၀)** တန်ဖိုးမြင့်ထုတ်ကုန်ဖွဲ့နသီအစွမ်း
- **စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)** ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ
- **အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(ပိုင်း-၃)
- **အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** မုန့်ဗိုင်းတောင့်လုပ်စားကြရအောင်
- **ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)** ချင်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)
- **ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)** လုံယူးပွဲတော်
- **မွန် (၁၉:၀၀ မှ ၂၁:၀၀)** စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ
- **ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** ရေချောတိုင်တက်ပွဲ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၀၅** လှုပ်လှုပ်ရှားရှားအားကစား
- **၀၆:၄၀** အားကစားသတင်း
- **၀၇:၄၅** နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၈:၄၅** ECONOMIC REVIEW
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၉:၄၅** Save Our Planet Program
- **၁၀:၄၅** အသိပညာနှင့်အမှန်တရား "လူငယ်နှင့်ကိုယ်ကျင့်တရား"
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလဲ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အပေါင်းအသင်း"
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
- **၁၁:၃၀** "ရှေ့သို့ချီမည်...ပန်းတိုင်ဆီ" (အပိုင်း-၃၂)
- **၁၈:၀၀** ELECTION PGM-01

**MRTV FARMERS / HTV Channel**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၁၅** မြန်မာချစ်တဲ့မုန့်ဟင်းခါး
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၀၀** ငါ့ရင်ခွင်ထဲကလိပ်ပြာ (ဇာတ်လမ်း)
- **၁၉:၄၅** How Americans Produce 97.3 Billion Eggs Every Year Chicken Farming Documentary
- **၂၂:၀၀** Thirteen-Lives-2022 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၅** Football Highlight
- **၁၇:၀၀** အားကစားသတင်း
- **၁၈:၀၀** E Sports

Scan Here — MRTV, MRTV, MRTV Radio, MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရေကြီးမှုအခြေအနေနှင့် စိုးရိမ်ရေမှတ်တည်ရှိနေမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀ ဒသမ ၅၄ ပေ (၂၁၅၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၃၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၉ ဒသမ ၅၅ ပေ (၂၁၂၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၅၅ ဒသမ ၇၇ ပေ (၁၇၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၅၅ ဒသမ ၇၇ ပေ (၁၇၀၀ စင်တီမီတာ) အထက်သို့ တစ်လက်မခန့် (သုံးစင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၃ ဒသမ ၆၆ ပေ (၂၅၅၀ စင်တီမီတာ) အထက်သို့ နှစ်လက်မခန့် (ငါးစင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ၉၅ ဒသမ ၀၅ ပေ (၂၈၉၇ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၅ ဒသမ ၁၄ ပေ (၂၉၀၀ စင်တီမီတာ) အောက်သို့ တစ်လက်မခန့် (သုံးစင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ သုံးပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ သုံးပေခန့် (၈၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ သုံးပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ၄၃ ဒသမ ၃၁ ပေ (၁၃၂၀ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၃ ဒသမ ၄၇ ပေ (၁၃၂၅ စင်တီမီတာ) အောက်သို့ နှစ်လက်မခန့် (ငါးစင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၃၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော်ခန့် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တာတမံများကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြစ်ရေတားတာတမံနှင့် ရေလှောင်တမံများ၏ ရေဘေးကာကွယ်ရေးဆိုင်ရာအစီအမံများနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုဆိုင်ရာများ၊ အရေးပေါ်ပစ္စည်းများကို လိုအပ်သည့်နေရာများသို့ အချိန်နှင့်တစ်ပြေးညီ ဖြည့်စွက်ထားနိုင်ရေး ကြိုတင်စီစဉ်ထားရှိရန်၊ တာတမံနှင့် ရေလှောင်တမံများ ကြံ့ခိုင်မှုအတွက် ပြုပြင်ထိန်းသိမ်းထားရှိပြီး ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအမံများ ဆောင်ရွက်ထားရန် လိုအပ်ချက်များ၊ ဌာနပိုင်စက်ယန္တရားများ၊ မြစ်ရေတင်လုပ်ငန်းများနှင့် ဆက်စပ်သည့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ကြရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဧရာဝတီအရှေ့ဘက်ကမ်း အဖျောက်တာ၊ နှစ်စဉ် ဧရာဝတီမြစ်ကမ်း ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဧရာဝတီအရှေ့ဘက်ကမ်း အဖျောက်တာရှိရေကင်းစခန်းများနှင့် ရပ်ကွက်/ကျေးရွာရေကင်းစခန်းများတွင် အရေးပေါ်ပစ္စည်းများကြိုတင်စုဆောင်းထားရှိမှု၊ ရေဘေးကြိုတင်ကာကွယ်မှု လုပ်ငန်းဆောင်ရွက်နေမှု တို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မြစ်ရေတိုက်စားမှုနှင့် မြစ်ရေဖြင့် အချိန်ကြာမြင့်စွာ ထိတွေ့မှုကြောင့် တာအိခြင်း၊ တာလျှောခြင်း၊ ရေပေါက် (ထူးပေါက်)များ ဖြစ်ပေါ်တတ်သဖြင့် နေ့ညမပျက် ရေကင်းလှည့်ဇယားများဖြင့် ကြည့်ရှုစစ်ဆေးကြရန်၊ လိုအပ်ပါက သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနများ၊ ရပ်ကွက်/ကျေးရွာ အစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်၍ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံကာ ရေဘေးကာကွယ်ရေး တာတမံများ ကြံ့ခိုင်မှုရှိစေရေး၊ ရေဘေးကာကွယ်ထားရှိမှု ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် ပေါ့ဆမှုမရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်က ဘက်ပေါင်းစုံမှ အထူးဂရုပြု အလေးထားဆောင်ရွက်ကြရန်၊ သီးနှံစိုက်ခင်းများ ရေနစ်မြုပ်၍ သီးနှံထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာပါက အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သက်တမ်းတိုအရန်မျိုးစပါးများ အသင့်စုဆောင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ပိုးမွှားရောဂါကျရောက်မှု ကြိုတင်ကာကွယ်ရေး နည်းလမ်းများဖြန့်ဝေပေးခြင်း၊ အပင်ရောဂါကာကွယ် ကုသဆေးများ၊ တိရစ္ဆာန်များ အသက်ဘေးအန္တရာယ် ကာကွယ်နိုင်ရေး တိရစ္ဆာန်အသက်ကယ်ကုန်းများ ပြင်ဆင်ထားရှိခြင်း၊ ရေလွတ်ရာနေရာများသို့ အချိန်မီပြောင်းရွှေ့ခြင်း၊ တိရစ္ဆာန်များ နာမကျန်းဖြစ်ပွားပါက ကုသရန်လိုအပ်မည့် ဆေးဝါးများ၊ ကာကွယ်ဆေးများ၊ တိရစ္ဆာန် ဖြည့်စွက်အစာများ ကြိုတင်စုဆောင်းထားရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **MNL မှ**

၃၆ မိနစ်တွင် နေဒွန်းက အား/ကာသိပ္ပံအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်အားပြုကစားလာပြီး ၅၅ မိနစ်တွင် မျိုးမြတ်ကျော်က အား/ကာသိပ္ပံအသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူသော်လည်း မိနစ် ၆၀ တွင် ဇော်ပိုင်ဖြိုးနှင့် ၆၈ မိနစ်တွင် ဝိုင်းထက်ပိုင်တို့က ဧရာဝတီအသင်းအတွက် ချေပဂိုးများပြန်သွင်းခဲ့သဖြင့် နှစ်ဂိုးစီသရေဖြစ်ခဲ့သည်။ သို့သော် ၈၄ မိနစ်တွင် ရှိုင်းကိုကိုဇော်က အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်းခေါင်းဆောင် မာတီးနိုက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ခြောက်ပွဲကစား ၁၄ မှတ်၊ ဧရာဝတီအသင်းက ခုနစ်ပွဲကစား ကိုးမှတ် ရရှိထားသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

❂ **မြန်မာအမျိုးသမီးမှ**

ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းကစားပုံမှာ ပထမအကျော့ထက် ပိုကောင်းလာပြီး ၁၆ မိနစ်တွင် နန်းဖြူဖြူသွေးက ချေပဂိုးပြန်သွင်းခဲ့သည်။ ပထမပိုင်းတွင် သရေကျနေသဖြင့် ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရရှိရန် ကြိုးပမ်းလာပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၅၇ မိနစ်တွင် ယွန်းဝတီလှိုင်၊ ၈၃ မိနစ်တွင် ဝင်းသီဂီထွန်းနှင့် ၉၀+၄ မိနစ်တွင် နှင်းလင်းလတ်လှိုင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ယွန်းဝတီလှိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှစ်ပွဲကစား ၂၁ မှတ် ရရှိထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ရှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် YREO အသင်းနှင့် သစ္စာအားမာန်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ မိနစ် ၅၀ တွင် စုစုခင်က YREO အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ၉၀+၄ မိနစ်တွင် မြတ်နိုးခင်က သစ္စာအားမာန်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို YREO အသင်း ဂိုးသမား လှလှထွေးက ရရှိသည်။ ယခုပွဲအပြီးတွင် သစ္စာအားမာန်အသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ YREO အသင်းက ရှစ်ပွဲကစား လေးမှတ်ရရှိထားသည်။

ပွဲစဉ် (၉) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၂၃ ရက် (ယနေ့)တွင် စလင်းကွင်း၌ မြဝတီအသင်းနှင့် ဧရာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MWL**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြံခင်းမြို့ရှိ ယာယီရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်

ကြံခင်း ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက် မြို့မအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသော ယာယီရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်များသည် မြို့မအားကစားကွင်း မိုးလုံလေလုံခန်းမရှိ ယာယီရေဘေးရှောင်ပြည်သူ ၇၀ အား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးခဲ့ပြီး ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများက ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ကြံခင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေကြီးမြင့်လာမှုကြောင့် ကျေးရွာ၊ အုပ်စုအလိုက် မိုးသီးနှံများ ရေကြီးနစ်မြုပ်မှု အခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် ရေဘေးရှောင် အိမ်ထောင်စု ၇၀ အတွက် ဆန်အိတ် ၂၀၊ ဆီ ပိဿာ ၁၀၀၊ ခေါက်ဆွဲခြောက် ၅၁၂ ထုပ်၊ ဆား ၂၅၆ ထုပ်၊ ကြက်ဥ အလုံး ၁၂၈၀၊ ရေသန့် ၂၅၆ ဘူးနှင့် ရေသန့်ဆေးပြားကတ် ၁၆၀၀ ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၂

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

## ဆွေးနွေးမှာကြား

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ကြရန်၊ ဘဏ္ဍာငွေသုံးစွဲရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ ချမှတ်ထားသော ၂၀၂၄-၂၀၂၅ စီမံကိန်းပါ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပြီးစီးမှု၊ Keyboard ဂီတသင်တန်းပို့ချနေမှုနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ရိုးရာအိမ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားဘောလုံးအသင်းနှင့် အမျိုးသားဖူဆယ်အသင်းတို့ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၅ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၉၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၈၅ | ၂၈၆၀ | ၂၈၁၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၁၀ | ၂၈၆၅ | ၂၉၉၅ | ၃၀၂၅ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၁၀ | ၂၉၂၀ | ၃၃၃၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၅ | ၂၄၇၀ | ၂၄၂၅ | ၂၄၉၅ | ၂၅၁၀ | ၂၅၂၀ | ၂၄၇၅ | ၂၆၀၅ | ၂၆၁၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၉၄၀ | ၃၉၅၀ |
| HSD (50 ppm) | ၂၈၁၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |
| HSD (10 ppm) | ၂၈၁၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၅ |
| 95 Ron | ၂၆၅၇ | ၂၇၄၄ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (50 ppm) | ၂၆၈၆ | ၂၇၇၀ |
| HSD (10 ppm) | ၂၆၈၆ | ၂၇၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

■ **မန္တလေးဈေးကွက်မှ**

ဂျပန်နှမ်းဖြူမျိုးဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ဂျပန်နှမ်းမျိုးကိုယူပြီးတော့ စတင်စိုက်ပျိုးခဲ့လို့ ဂျပန်နှမ်းဖြူလို့ ခေါ်တာပါ။ ဂျပန်နှမ်းဖြူရဲ့ ထူးခြားချက်က ရိုးရိုးနှမ်းဖြူနဲ့စာရင် အရောင်လည်းပိုဖြူတယ်၊ အလုံးအဖန်မှာလည်း ပိုထွားတယ်။ ဒါကြောင့် ရောင်းပန်းလှပြီးတော့ ရောင်းတန်းဝင်နေတာပါ။ နှမ်းဖြူ၊ နှမ်းဝါ၊ နှမ်းညို၊ နှမ်းနက်၊ ရိုးရိုးနှမ်းဖြူ၊ ဂျပန်နှမ်းဖြူစတဲ့ အမျိုးမျိုးရှိတဲ့အထဲမှာ ဂျပန်နှမ်းဖြူနဲ့ စမုန်နက်နှမ်းတွေကတော့ နှမ်းဈေးကွက်ထဲမှာ ရေပန်းအစားဆုံးသီးနှံဖြစ်တယ်။ ဂျပန်နှမ်းဖြူထွက်သမျှကို တရုတ်ပြည်ဈေးကွက်က ဝယ်ယူနေတာဖြစ်တယ်။ တရုတ်နိုင်ငံက နှမ်းကိုစားသုံးမှုအပြင် နည်းပညာအသုံးပြုပြီး အလှကုန်တွေ၊ မုန့်လုပ်ငန်းတွေနဲ့ ဆေးဝါးဖော်စပ်တဲ့နေရာတွေမှာ ထည့်သွင်းသုံးစွဲနေတယ်လို့ ကြားသိရတယ်။ ဝယ်လိုအားကလည်း ကောင်းနေပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ နှမ်းသီးနှံကို သီးထပ်အဖြစ် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး ရက် ၁၀၀ အတွင်း ပေါ်ထွက်လေ့ရှိသော သီးနှံဖြစ်သည့်အပြင် ရောင်းချရာတွင်လည်း အခက်အခဲမရှိသော မြန်မာ့ထွက်ကုန်တစ်ခုဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်လယ်တွင်း ကိုးခရိုင်မှ ထွက်ရှိလာသည့် ဂျပန်နှမ်းဖြူများသည် ဈေးကွက်အတွင်း၌ လူကြိုက်အများဆုံးဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။**

# ရှမ်းပြည်နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ



တောင်ကြီး ဇူလိုင် ၂၂

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ထောက်ပံ့ငွေ ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် စာအုပ်စာစောင်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ တောင်ကြီးတက္ကသိုလ်က ရပ်ကွက် ကျေးရွာ၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက်စာအုပ်၊ စာစောင် ၆၂၇ အုပ်၊ ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်၊ စာစောင် ၁၆၀၊ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက အလှူငွေကျပ်တစ်သိန်း၊ ကျောင်းသား ကျောင်းသူများအတွက် အာဟာရဒါန နှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုချီးမြှင့်နိုင်ရန် အလှူငွေကျပ် ငါးသိန်း၊ အကောက်ခွန်ဦးစီးဌာန မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ရှမ်းပြည်နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ်သုံးသိန်း၊ ပြည်နယ် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက အလှူငွေကျပ်တစ်သိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အလှူငွေကျပ်တစ်သိန်း၊ ခရိုင်လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးက အလှူငွေကျပ်တစ်သိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လက်ခံရယူသည်။

ထို့နောက် ပြည်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက စာအုပ်နှင့် ဓာတ်ပုံပြခန်း၊ ကျောင်းသား ကျောင်းသူများက သိပ္ပံပြခန်း၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ကျောင်းသား ကျောင်းသူများက ရုပ်ပုံဆက်၊ စကားလုံးဆက်၊ မြားပစ်၊ စက်ဝိုင်းလှည့်၊ ခါးလှည့်ပြိုင်ပွဲ၊ ခုံဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲများ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာရေးဆရာမ ငွေခြည်လင်းလက်(မြန်မာစာ)က စာကြည့်တိုက်သို့ သွားကြစို့နှင့် စာရေးဆရာမ ရွှေလေညင်းက ကျွန်မချစ်သောစာကြည့်တိုက် ခေါင်းစဉ်တို့ဖြင့် စာပေဟောပြောပေးကြပြီး ယနေ့ကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ အမှတ်(၄)၊ (၆)၊ (၁၀) အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်လာရောက်လေ့လာကြပြီးစုစုပေါင်းကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

## ကမ်းဝေးကမ်းနီး ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ ရာသီဥတုဆိုးရွားချိန်များတွင် ခိုလှုံခွင့်ပြုနေရာများသတ်မှတ်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို(၂၆-၄-၂၀၂၄)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သဖြူချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း(SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND)မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

---

## ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မကျီးစုတာ ၆/၃ မိုင်နှင့် ၆/၄ မိုင်အကြား ကမ်းပြိုမှု ကာကွယ်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေတိုက်စားကမ်းပြိုမှုဖြစ်ပေါ်ခဲ့သည့် နေရာ နှစ်နေရာကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရေးပေါ်ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ဧရာဝတီမြစ်ရေတိုးလာပြီး ဝဲလှည့်မှုနှင့် ရေစီးအား ပွတ်တိုက်မှုကြောင့် မြန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး အထက်ဘက် မကျီးစုတာ ၆/၃ မိုင်နှင့် ၆/၄ မိုင်အကြား လွန်ဆေးမြိုင်ပန်းခြံအနီးတွင် အလျား ၁၅ ပေ၊ အနံ သုံးပေခန့်နှင့် အဆိုပါနေရာ၏ အထက်ဘက်တွင် အလျားပေ ၁၂၀၊ အနံ ငါးပေခန့်သည် ကမ်းပါးအပေါ်ပိုင်းများ ပဲ့ကျမှုဖြစ်ပွားခဲ့ရာ အဆိုပါ ကမ်းပြိုမှုဖြစ်ပွားခဲ့သည့် နေရာနှစ်နေရာတွင် ကမ်းပါးများကို Geotextile များဖြင့် ကာကွယ်ခြင်း၊ သစ်ကိုင်းများချထားခြင်း၊ ရေတောင်ဝေ့များချထားခြင်းနှင့် ဝါးဖောင်များ ချထားခြင်းတို့ကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။



ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီကာလတွင် ရေတိုက်စားကမ်းပြိုမှုများနှင့် ပတ်သက်၍ စောင့်ကြည့်ပြီး လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

# ရွှေဘိုဈေးကွက်၌ ပဲတီစိမ်းသီးနှံများ ဈေးနှုန်းအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်

ရွှေဘို ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်သို့ ပဲတီစိမ်းသီးနှံများ မေလ ပထမပတ်မှစတင်၍ ဝင်ရောက်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်းသီးနှံတစ်တင်းလျှင် ငွေကျပ် ၄၅၆၀၀ ပေါက်ဈေးရှိပြီးတင်း ၉၀၀၊ တန်အားဖြင့် ၂၉ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လ ပထမပတ်နှင့် ဇူလိုင်လ ဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဇူလိုင်လ ပထမပတ်၌ ပဲတီစိမ်းသီးနှံ တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ဇူလိုင်လ ဒုတိယပတ်တွင် ပဲတီစိမ်းသီးနှံတစ်တင်းလျှင် ငွေကျပ် ၄၄၀၀ လျော့နည်း၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။



# ပခုက္ကူဈေးကွက်သို့ မြေပဲသီးနှံများ လှိုင်လှိုင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

ပခုက္ကူ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ဆောမြို့နယ်၊ ယောမြို့နယ်နှင့် မြိုင်မြို့နယ် စသည့် မြို့နယ်များအတွင်းရှိ ကျေးရွာများမှ မြေပဲတောင့်နှင့် မြေပဲဆန်များ လှိုင်လှိုင်ဝင်ရောက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ကုန်ဝင်ရောက်မှုအနေဖြင့် ဆောမြို့နယ်မှ မြေပဲတောင့် အဆန်နီမျိုးနှင့် အဆန်ဖြူမျိုးများ တစ်ရက်လျှင် ပိဿာချိန် တစ်သောင်းကျော်ဖြင့် တစ်ပတ်လျှင် ပိဿာချိန် ကိုးသောင်းခန့်၊ ယောမြို့နယ်နှင့် မြိုင်မြို့နယ်မှ မြေပဲဆန်များ တစ်ရက်လျှင် ပိဿာ ၃၀ ဝင် အိတ်ရေ ၁၅၀-၂၀၀ ခန့် ဝင်ရောက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဇူလိုင်လ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် မြေပဲလုံးဆန် (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀ - ၇၈၀၀ ဖြင့် လည်းကောင်း၊ ရိုးရိုးလုံးဆန် (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ - ၇၅၀၀ ဖြင့်လည်းကောင်း၊ ဆီဆန် (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဖြင့်လည်းကောင်း၊ မြေပဲလုံးဆန် (အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀-၇၉၀၀ ဖြင့်လည်းကောင်း၊ ဆီဆန် (အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဖြင့်လည်းကောင်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြေပဲတောင့်များကို မြို့ပေါ်ရှိ လုပ်ငန်းရှင်များက ဝယ်ယူသိုလှောင်ထားရှိပြီး မြေပဲဆန်များကို ဆီစက်လုပ်ငန်းရှင်များနှင့် မြေပဲဆားလှော်လုပ်ငန်းရှင်များက ဝယ်ယူကြကြောင်း သိရသည်။



# ပခုက္ကူဈေးကွက်၌ နှမ်းသီးနှံများ ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ်ဖြစ်

ပခုက္ကူ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ပခုက္ကူခရိုင်အတွင်းရှိ မြစ်ခြေမြို့၊ ကမ္မမြို့များနှင့် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသော နွေနှမ်းသီးနှံများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၁၀၀-၂၀၀ ခန့် ဝင်ရောက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀ - ၁၂၅၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက် (စမုန်) တစ်တင်းလျှင် ငွေကျပ် ၁၄၂၀၀၀-၁၃၉၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇွန်လ ဒုတိယပတ်နှင့် ဇူလိုင်လ ဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ဇူလိုင်လ ဒုတိယပတ်တွင် နှမ်းဈေးနှုန်းများ ကျဆင်း၍ ဝင်ရောက်သမျှ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ နှမ်းဈေးကွက်အနေဖြင့် မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ နှမ်းလှော်လုပ်ငန်းရှင်များ၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။





# ပခုက္ကူဈေးကွက်၌ သကြားပြောင်းဖူးဈေးကောင်းရရှိပြီး အရောင်းအဝယ်ဖြစ်

ပခုက္ကူ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ကုန်စိမ်းသီးနှံဈေးကွက်သို့ သကြားပြောင်းဖူးစိုက်ပျိုးမှုများသည့် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျွန်းဦး၊ ကျွန်းညို၊ ကျွန်းညိုကြီး၊ ကံလှ၊ နန်းတော်ရပ်ကျေးရွာများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ အထက်ညဥ့်ကျေးရွာနှင့် အောက်ညဥ့်ကျေးရွာတို့မှ သကြားပြောင်းဖူးများ အများဆုံးဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လ ဒုတိယပတ်တွင် ဈေးကွက်သို့ ပြောင်းဖူးများ ဝင်ရောက်မှုနည်းပါးကာ ဈေးကောင်းရရှိပြီး အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ပြောင်းဖူးဈေးနှုန်းများအနေဖြင့် ဇူလိုင်လ ဒုတိယပတ်တွင် ပြောင်းဖူး အရွယ်အစားအပေါ်မူတည်၍ လက်ကားဈေး တစ်ဖူးလျှင် ငွေကျပ် ၆၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေးတစ်ဖူးလျှင် ငွေကျပ် ၇၅၀-၈၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇွန်လ ဒုတိယပတ် ဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက လက်ကားဈေး ပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၆၀၀-၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင်လ ဒုတိယပတ်တွင် ပြောင်းဖူးဈေး ပိုမိုရရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဧရာဝတီမြစ်ရေတက်၍ ကိုင်းကျွန်းမြေရှိ ပြောင်းဖူးစိုက်ခင်းများတွင် မြစ်ရေဝင်နစ်မြုပ်ခြင်းကြောင့် ဈေးကွက်သို့ ပြောင်းဖူးဝင်ရောက်မှုနည်းပါးသည့်အတွက် ပြောင်းဖူးဈေးကောင်းရရှိခြင်းဖြစ်ကြောင်း သိရသည်။

## သတင်းရင်းမြစ် - စီးပွား/ကူးသန်း

### ၂၂-၇-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) ဧည့်မထ | ငစိန် | ပေါ်ဆန်း | ဆီ(တစ်ပိဿာ) ပဲဆီ | စားအုန်းဆီ | စားဖိုဆောင်သုံး (တစ်ပိဿာ) ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | အသား၊ ငါး(တစ်ပိဿာ) ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၉၂ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၇၅ | ၁၉၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၈၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၀၈၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၂၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၅၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၅၁၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ၅၈၆၀ | ၉၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၅၅၀၀ | ၂၃၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၅၀၀ | ၆၃၁၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၂၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၈၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၂၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၁၅၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၆၂၂၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၄၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၈၅၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၆၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၄၀၀ | ၆၂၂၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၂၀၀ | ၁၃၄၀၀ | ၇၅၀၀ | ၉၂၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၄၇၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းလက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ကျင်းပရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မြိတ်တပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၆) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ရတနာသိင်္ခခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင်ဦးရဲနိုင်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)နှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင် ဦးရဲနိုင်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် နိုင်ငံသားအားလုံး၏ ပညာရည်မြင့်မားရေးအတွက် အခြေခံပညာအဆင့်တွင် KG+9 အထိ မဖြစ်မနေသင်ကြားရန် မူဝါဒချမှတ်ပြီး KG+9 အောင်မြင်သူများအတွက် ပညာရေးအခွင့်အလမ်းအသစ်များကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများက ကျောင်းသားလူငယ်များကို အသိပညာ၊ အတတ်ပညာ သင်ကြားပေးရုံသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းရန်၊ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်တတ်သည့် နိုင်ငံ့သားကောင်းရတနာများအဖြစ် အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်အောင် ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၆)သို့ သင်တန်းသား ၃၀၊ သင်တန်းသူ ၃၆၃ဦး စုစုပေါင်း ၃၉၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံကလပ်ခြေစစ်ပွဲ ဒုတိယအကျော့ ဇူလိုင် ၂၄ ရက် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ Play-off ဒုတိယအကျော့ကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲဒုတိယအကျော့ပွဲများအဖြစ် ဇူလိုင် ၂၄ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် ကာဆူကာအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းနှင့် လာအိုကလပ် Young Elephant အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့တွေ့ဆုံမှုတွင် ရှမ်းယူနိုက်တက်အသင်းက အဝေးကွင်း၌ တစ်ဂိုးစီသရေကျခဲ့ပြီး ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းမှာမူ အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Svay Rieng အသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အလားအလာကောင်းလျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ အနိုင်ကစားနိုင်မှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်ပြီး ခြေစစ်ပွဲအောင်နှစ်သင်းသည် နောက်ဆုံးအဆင့် အုပ်စု(က)သို့ ကျရောက်မည်ဖြစ်သည်။

ကိုညီလေး

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့်မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ကန်ထရိုက် တိုက်ရငွေများဖြင့် ခရိုင် (၁၄) ခရိုင်အတွင်းရှိ မြို့နယ်များတွင်ကန်ထရိုက်တိုက်များမီးရရှိရေးအတွက် လိုအပ်သော 11-6.6/0.4 kV, 200kVA (Single Pole Mounted with Structrure) ထရန်စဖော်မာများအား မြန်မာကျပ်ငွေဖြင့်အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၅.၇.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၉.၈.၂၀၂၄)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်းအသုံးစရိတ်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီး၊ သမိုင်းဘူတာရုံလမ်းမကြီးနှင့် မြောက်ဥက္ကလာပမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်၊ သုဓမ္မာလမ်းမကြီးတစ်လျှောက် လမ်းမီးမြေအောက်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းတွင် လမ်းမီးမြေအောက်ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့်လမ်းမီးလုံးများ တပ်ဆင်ခြင်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော လမ်းမီးဆိုင်ရာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၅-၇-၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၉-၈-၂၀၂၄) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေဇင်[၁၂/ပဇတ(နိုင်)၀၃၂၅၂၁]သည် ရန်ကုန် တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၄၈၁)(၆-လွှာ)၊(ညာဘက်အခြမ်း)၊ (၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းကို အရှုပ်အရှင်းကင်းစွာဖြင့် ပိုင်ဆိုင်ခွင့်ရှိသည်ဟုဆိုသော ဦးမောင်မောင်ဝင်း(ခ) ဦးလာလူး [၁၂/ဒပန(နိုင်)၀၆၆၂၇၄]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းထိုက်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၆၃)**
**ရုံး-အမှတ်(၂၁၃)၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-403159599, 09-251022142**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ တဂဏန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် - ၃၀၀၂၊ ကွင်းအမည် - ခွတော၊ ဦးပိုင်အမှတ် - ၃၀/၂၊ အကျယ်အဝန်း - (၀. ၆၆) ဧကရှိ ဦးမောင်မောင်တာ၊ ဒေါ်အေးသန္တာကျော် အမည်ပေါက် (၁၀) နှစ်ဂရန်မြေကွက် (၁) ကွက်၊ ယင်းမြေနှင့်တဆက်တည်း တည်ရှိသော ဦးပိုင်အမှတ် - ၃၀/၁၊ အကျယ်အဝန်း-(၁.၃၉) ဧကရှိ ဒေါ်အေးသန္တာကျော် အမည်ပေါက် ပုံစံ (၇) ရပြီး လယ်မြေကွက် (၁)ကွက်နှင့် ဦးပိုင်အမှတ်-၃၀၊ အကျယ်အဝန်း-( ၀.၁၁) ဧက အနက်မှ ခြံကာပြီး လက်ကျန် ဧရိယာတို့ကို တရားဝင်လက်ဝယ်ရှိပိုင်ဆိုင်ပြီး မိမိတစ်ဦးတည်းဆန္ဒဖြင့် မည်သူ့ကိုမဆို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်အေးသန္တာကျော် [၅/ရဘန (နိုင်) ၀၀၆၀၉၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင် အရောင်း အဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ မည်သူမဆိုကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-( ၇ )၊ မြေကွက်အမှတ်-(၇၆၅/ခ)၊ အကျယ် အဝန်း(၂၀ ပေ x ၆၀ ပေ)၊ (၁၂၀၀)စတုရန်းပေရှိ၊ နှစ်( ၆၀ )ဂရန်မြေကွက် နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့ နယ်၊ (၇)ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်(၇၆၅/ခ) ဟုခေါ်တွင်သော အရပ်ရပ်အကျိုးခံစားခွင့် များ အားလုံးကို အမည်ပေါက်သူ ဒေါ်သင်းသင်းလွင် [၁၂/ဥကတ(နိုင်)၀၈၃၇၃၇]က တရားဝင် လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလို ကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်တို့၏ မိတ်ဆွေက အရောင်း အဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ပါးပါးနီ ( LL.B., D.B.L )** | **ဒေါ်ခင်မာချို ( LL.B., DIPL )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)** |

**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၇၈၀၉၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၂၉၀/က)၊ တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉အေ¹)၊ မြေကွက်အမှတ်(၆၉ဂျီ)၊ မြေအမျိုးအစား-ဂရန်ရှိမြေပိုင်မြေ၊ မြေအမည်ပေါက် ဒေါ်လှစိန်(ပီဝိုင်ယူ-၀၉၂၆၃၇)၊ မောင်စိုးအောင်(စီ/အာရ်ဂျီအင်န်-၀၀၇၁၆၄)၊ မဥမ္မာ(ပီဝိုင်ယူ-၀၉၂၆၄၁)၊ မောင်ကျော်သိန်း (ပီဝိုင်ယူ-၀၉၂၆၄၀) မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား မဥမ္မာ၊ မောင်ကျော်သိန်းတို့ထံမှ စွန့်လွှတ် စာချုပ်အမှတ်-၇၀၅/၈၁(၃-၁၁-၈၁)ဖြင့် ဒေါ်လှစိန်နှင့် ဦးစိုးအောင်တို့မှရရှိပြီး ၎င်းတို့ထံမှ အရောင်းအဝယ် စာချုပ်အမှတ်- ၉၉/၁၉၈၅ (၅-၂-၈၅)ဖြင့် ဒေါ်စောအပို့(ခ)ဒေါ်ပု (LTA-၀၀၄၁၉၁)၊ ဦးရီချောင်လင်း (H/RGN-၀၀၄၈၁၁)၊ ဦးခွင်လင်း (LTA-၀၀၁၆၂၉)၊ ဦးရှောင်လင်း(ခ) ရီရှောင်လင်း (LTA - ၀၀၁၆၂၇)၊ မရီဆွေလင်း (H/RGN -၀၀၄၈၁၂)၊ ဦးရွှေလင်း (LTA - ၀၀၁၆၂၈) တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ (မိခင်) ဒေါ်စောအပို့ (ခ) ဒေါ်ပုသည်(၆-၅- ၁၉၈၆)ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ရီကျင်နန်း(ခ) ဦးချစ်ခင်သည်(၁၇-၁၀-၁၉၈၀) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ကြပြီး၊ ၎င်းတို့မှ (၁) ရီဘိတ်နိမ်း(ခ)ဦးဝေလင်း၊ (၂) ရီရန်နင်း(ခ) ဒေါ်ကျင်သန်း၊ (၃) ရီခွင်နင်း (ခ)ဦးတင်အုန်း၊ (၄)ရီချွတ်နင်း(ခ)ဒေါ်မြမြတင်၊ (၅)ရီဆွေလင်း၊ (၆)ရီချောင်လင်း၊ (၇) ရီရှောင်လင်း၊ (၈)ဦးရွှေလင်း၊ (၉)ဦးခွင်လင်း(ခ)ဦးသိန်းတန်တို့ သားသမီး(၉)ဦး ကိုသာ မွေးဖွားခဲ့ပြီး မိခင်၊ဖခင်တို့တွင် ကိတ္တိမမွေးစားသားသမီးမရှိကြောင်း၊ သားသမီး(၉)ဦးအနက် အမှတ်စဉ်(၂) ရီရန်နင်း(ခ)ဒေါ်ကျင်သန်း သည် (၇-၃-၂၀၁၉)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်းအစုအား (ခင်ပွန်း)ဦးကျင်ဌေးမှ လည်းကောင်း၊ အမှတ်စဉ် (၃)ရီခွင်နင်း(ခ)ဦးတင်အုန်းသည်(၂၇-၂-၂၀၁၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ရီရီမြင့်မှလည်းကောင်း၊ အမှတ်စဉ်(၆) ရီချောင်လင်း(ခ)မောင်ရှောင်လင်းသည် (၁၁-၁-၂၀၀၉)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်းအစုအား (ဇနီး)ဒေါ်ကျင်လှိုင်မှလည်းကောင်း၊ (သား) ဦးခွင်လင်း (ခ)ဦးသိန်းတန်သည် (၁၀-၁၂-၂၀၀၂)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး ကိတ္တိမမွေးစားသားသမီး မရှိသဖြင့် ၎င်း၏အစုကို ကျန်အစ်ကိုအစ်မများအားလုံးမှ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆက်လက်၍ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျမ်းကျိန်ဆိုသူများမှအပ အခြားအမွေဆက်ခံသူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း (၁)ရီဘိတ်နိမ်း(ခ) ဦးဝေလင်း [၁၂/မဂတ(နိုင်)၀၈၀၁၁၅]၊ (၂)ဦးကျင်ဌေး [၁၂/လမတ(နိုင်)၀၀၉၀၅၄]၊ (၃)ဒေါ်ရီရီမြင့် [၁၂/လသန(နိုင်) ၀၁၁၂၅၄]၊ (၄)ရီချွတ်နင်း(ခ)ဒေါ်မြမြတင် [၁၂/ကတတ(နိုင်)၀၁၀၅၂၁]၊ (၅) ရီဆွေလင်း [၁၂/လသန(နိုင်)၀၁၂၆၃၃]၊ (၆)ဒေါ်ကျင်လှိုင် [၁၂/ကမရ (နိုင်)၀၄၄၀၀၃]၊ (၇)ရီရှောင်လင်း[၁၂/ကမရ(နိုင်)၀၄၃၇၄၅]၊ (၈)ဦးရွှေလင်း [၁၂/တမန(နိုင်)၀၈၆၄၂၈)တို့မှ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၄၆၂/၂၀၂၄၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက် စာချုပ်နှင့် ဆက်စပ်စာချုပ်တို့ကိုတင်ပြ၍ ဦးရီဘိတ်နိမ်း(ခ) ဦးဝေလင်း+၇ က အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ မြေကွက်အမှတ် (၈/၃၁) တွင်ဆောက်လုပ်ထားသော တိုက်အမှတ် (၅)၊ (၇) ထပ်တိုက်၏ (မြေညီထပ်)၊ အခန်းအမှတ် (C)၊ အကျယ်အဝန်း-(၂၀ပေ x၇၅ ပေ ) ရှိ တိုက်ခန်းအား (၁၈-၁၂- ၂၀၂၁) ရက်စွဲပါ မေတ္တာဖြင့် အပြီးအပိုင်ပေးအပ်ခြင်း သဘောတူစာချုပ်အရ စီမံရောင်းချပိုင်ခွင့်ရှိသူဖြစ်ပြီး မိမိတစ်ဦးတည်းဆန္ဒဖြင့် မည်သူ့ ကိုမဆို လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်စပယ် [၁၂/ကမရ (နိုင်) ၀၃၉၂၂၅ ] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေညီထပ် တိုက်ခန်းနှင့် တိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်တို့အား အပြီးအပိုင် အရောင်း အဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ မည်သူမဆို ကန့်ကွက်ရန်အကြောင်း ရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့် ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း
## အများသိစေရန်အသိပေး ကြေညာခြင်း

ကျွန်ုပ်တို့မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၈ ရပ်ကွက်၊ နဝရတ်အောက် ၁လမ်း၊ အမှတ် ၄၀၁နေ ဦးအာကာဟိန်း [၁၂/ပဇတ(နိုင်) ၀၃၆၇၇၁]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်-

၁။ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဦးအာကာဟိန်းသည် ဒေါ်အေးမာသန်း [၁၂/ကမတ(နိုင်)၀၆၇၆၅၀] နှင့် ၁၈-၇-၂၀၂၄ရက်နေ့တွင် ကျောက်တံတားခရိုင်တရားရုံး၌ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

၂။ ထို့ကြောင့် ကျွန်ုပ်တို့မိတ်ဆွေသည် ဒေါ်အေးမာသန်းနှင့် ပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါသဖြင့် ဒေါ်အေးမာသန်းက ပြုလုပ်ဆောင်ရွက်သော ကိစ္စအရပ်ရပ်သည် ကျွန်ုပ်တို့မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ညွှန်ကြားလာပါသည်။

သို့ဖြစ်ပါ၍ ဒေါ်အေးမာသန်း၏ ပြုလုပ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့မိတ်ဆွေအား မေးမြန်းစုံစမ်းခြင်း မပြုလုပ်ရန် အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးလှရွှေ** | **ဒေါ်မြသက်ဝင်း** |
| **(စဉ်-၈၉၁၂ )(၂၁-၃-၂၀၁၃)** | **(စဉ်-၁၈၉၉၄ )(၂၂-၁၂-၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊**
**၄ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉-၄၀၁၆၀၂၁၉၁**

## ပတ်စ်ပို့ပျောက်ဆုံး

(အဖ) ဦးစိုးရှိန်၏ သမီး မသူဇာစိုး [၆/မမန(နိုင်)၂၀၃၃၄၄]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**Ph;09-793061073**

## သင့်
## သွေးဖြင့်
## အသက်
## ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြေကွက်အမှတ် (၅၄၄)ဟုခေါ်တွင်သော အိမ်အမှတ် (၅၄၄)၊ မြသဇင်လမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးဖြိုးရင်(ဘ)ဦးနီထွတ် (KNI-022952) အမည်ပေါက် (၄၀x၆၀) ပေ ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိအရပ်ကတိစာချုပ်အဆက်အစပ်ဖြင့်ပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဆန်းနိုင်ဦး [၁၂/တမန (နိုင်)၀၀၂၄၉၅]က ရောင်းချမည်ဖြစ်ကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်းကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ သီရိ (၈) လမ်းနှင့် သီရိ (၅) လမ်း၊ အမှတ် (၄၆) ရှိ Hall (၆) ထပ်တိုက်၏ (၅-လွှာ)၊ အကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ) ခန့်ရှိ ရေမီးစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ကန်ထရိုက်တာ ဦးကျော်ခင် (ခ) အဒူစကူး [၁၂/လမန(နိုင်)၁၂၇၇၅၅] နှင့် မြေရှင်တို့ အကျိုးတူ ကန်ထရိုက်တိုက် ဆောက်လုပ်ရာမှ ကန်ထရိုက်တာ ပိုင်ဆိုင်လာသော တိုက်ခန်းအား ဒေါ်နန်းယမင်း [၁၂/လမန(နိုင်)၁၆၄၆၃၄] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း၊ အထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/ ၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09- 767772099, 09- 774597373, 09- 767779901**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ တိုက်အမှတ်(၁၁)၊ ဟောင်ကောင် (၃)ထပ်တိုက်၏ (၅-လွှာ)ခြေရင်းခန်း၊ အကျယ်အဝန်း(၁၅x၅၀)ပေရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ချိုချိုတင် [၁၀/မဒန(နိုင်)၀၂၅၄၆၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုသန္တာထွန်း LL.B, D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၃၆၀၇၁)**
**အမှတ်(၁၀၈၅)၊ ရာဇသူရလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၀၆၅၀၄၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ နဝရတ်(၄)လမ်း၊ မြေကွက်အမှတ် (၇၆၇)ဟုခေါ်တွင်သော ဒေါ်ကြည်သန်းအမည်ပေါက်သည့် ပါမစ်မြေ အမျိုးအစား၊ မြေအကျယ်(၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိုးထွဋ်အေး[၁၂/မရက (နိုင်)၁၃၈၇၄၉]မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိအေးကြည်[၁၁/ကတန(နိုင်)၀၄၈၆၆၇]ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ -** |
| **ဒေါ်မိအေးကြည်** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ စံပါယ်မာဃလမ်း၊ အကျယ်အဝန်း (၂၃ပေx၅၀ပေ) တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဒေါ်မြတ်မွန်စိုး [၁၁/စတန(နိုင်)၀၆၅၀၈၁] ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဆုလာဘ်သူ [၁၂/စခန(နိုင်)၀၇၀၂၉၃] က ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုလာဘ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)**
**တိုက်(၁၄၁)၊ အခန်း(၁၀၁)၊ အောင်ချမ်းသာလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၀၁၆၇၈၂၂**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ တိုက်အမှတ်(၆)ဝဲ၊ မြေညီထပ် ထပ်ခိုးပါ (အလျား ၃၈ပေxအနံ ၁၁ပေ) ကျယ်ဝန်းသော တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဒေါ်ရီရီလင်း [၁၂/မဂတ(နိုင်)၀၃၈၇၈၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဦးမြင့် [၁၂/ကတတ(နိုင်)၀၀၈၆၂၀]က ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဦးမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)**
**တိုက်(၁၄၁)၊ အခန်း(၁၀၁)၊ အောင်ချမ်းသာလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရည်မြင့်မားသူများဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ခေတ်စနစ်နှင့်လျော်ညီသည့် နည်းပညာများကို အကျိုးရှိရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ အတတ်ပညာ၊ အသိပညာ ပြည့်စုံသည့်လူသားအရင်းအမြစ်များ၊ ခေတ်မီနည်းပညာများ စသည့် နယ်ပယ်တို့ကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရှာကြံဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## MNL ယူ-၂၀ လိဂ်တွင် အား/ကာသိပ္ပံအသင်း အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၂

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ဇူလိုင် ၂၂ ရက်က တောင်ဒဂုံကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်းက ရောဝတီယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးအသာဖြင့်သာ ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် အပြန်အလှန်သွင်းဂိုးများဖြင့် နှစ်သင်းပေါင်းသွင်းဂိုးငါးဂိုးအထိရှိခဲ့ပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ **စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❖**



အား/ကာသိပ္ပံအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၂၂

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) ပထမနေ့ကို ဇူလိုင် ၂၂ ရက်က ဆက်လက်ကျင်းပရာ ဇယားထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲဆက်ခဲ့သည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်းသည် အမှားအယွင်းမရှိ နိုင်ပွဲဆက်ခဲ့ပြီး ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ ပထမပိုင်းတွင် တစ်ဂိုးစီသရေကစားနိုင်သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးများကြောင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ပွဲအစ ခြောက်မိနစ်တွင် ပန်းအိန္ဒယ်က ရန်ကုန် **စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❂**

**ယနေ့ ဖတ်စရာ**


**ထကြွသောင်းကျန်းပတ်ရမ်းနေတဲ့ မြန်မာဆိုင်ရာ စိတ်ရောဂါလက္ခဏာစု**
ဆောင်းပါး စာမျက်နှာ » ၉

**ဖိလစ်ပိုင်နိုင်ငံ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းများ ပိတ်ပင်မည်**
စာမျက်နှာ » ၁၃

**ရွှေဘိုဈေးကွက်၌ ပဲတီစိမ်းသီးနှံများ ဈေးနှုန်းအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်**
စာမျက်နှာ » ၁၈


## မန္တလေးဈေးကွက်အတွင်း ဂျပန်နှမ်းဖြူများ အဖွင့်ဈေးကောင်းဖြင့်အရောင်းအဝယ်များ သွက်လက်ကောင်းမွန်



မန္တလေး ဇူလိုင် ၂၂

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်အတွင်းသို့ ပေါ်ဦးပေါ်ဖျား ဂျပန်နှမ်းဖြူများ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကာ အရောင်းအဝယ်များ သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးမြို့ရှိ နှမ်းကုန်သည်များထံမှ သိရသည်။

အဆိုပါ ဂျပန်နှမ်းဖြူမှာ လက်ရှိတွင် မန္တလေးဈေးကွက်သို့ သဲတော၊ ဝမ်းတွင်း၊ မြစ်သား၊ ကျောက်ဆည်နယ်တို့မှ ဝင်ရောက်လာကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန္တလေးမြို့ကို ကျောက်ဆည်နယ် ဒေသကနေ ဂျပန်နှမ်းဖြူတွေ ဝင်ရောက်နေပါတယ်။ **စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ■**